မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

လှိုင်သာယာ - အလုံ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီးဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ လှိုင်သာယာ-အလုံ(၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ အမှတ်(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးဦးက RCS (2) ဘိုးပိုင် ရုပ်တိုင်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တာဝါတိုင် ကရိန်းဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီးဦးလှမြင့်က လှိုင်သာယာ-အလုံ(၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင်လေးတိုင်အတွက် Bawa Trading Co., Ltd. က တင်သွင်းသည့် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများအားလုံး ရောက်ရှိနေမှု၊ အလုံဘက်ကမ်း၌ တည်ဆောက်မည့် RCS (2) တာဝါတိုင်နှင့် ဆိပ်ကြီးဘက်ကမ်း၌တည်ဆောက်မည့် RCS (1) တာဝါတိုင်တို့သည် တစ်တိုင်လျှင် ၃၁၆ တန် အလေးချိန်ရှိမှုနှင့် ၄င်းတာဝါတိုင်များ တပ်ဆင်ပြီးစီးပါက အမြင့် ၄၆၂ ပေရှိမည့်အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ရေဘုတ်ဆည်မှ ရေဖြင့် ပျိုးထောင်စိုက်ပျိုးကာ အောင်မြင်နေသည့် နှမ်းပျိုးပင်များကလည်း အားရဖွယ်ရာ။

ရေဘုတ်ဆည်အစွမ်းဖြင့် နှမ်းပင်တို့ လန်းကြပြီ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - သာဉာဏ်(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃၀

နှမ်းခေါင်ခေါင် ကွင်းပြောင်ပြောင်အရပ်မှာ စပါးတွေဝေဖြာနေသည့် မြင်ကွင်းက မျက်မှောက်ကာလတွင် အဆန်းတကြယ်မဟုတ်တော့။ သို့ဖြစ်လင့်ကစား ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တပုတို၊ သဗ္ဗာန်၊ ထီလုံ စသည့် ကျေးရွာများ၌မူ အသွင်ဆန်းသော မြင်ကွင်းတစ်ရပ်ပါပေ။

ရေဘုတ်ဆည်အစွမ်း

ဟုတ်တော့လည်း ဟုတ်သည်။ ယခင်က အဆိုပါကျေးရွာများတွင် ရေမရရှိ၍ နှမ်းစပါးဆိုသည်မှာ နတ္ထိ။ ယခုမူ နိုင်ငံတော်က တည်ဆောက်ပေးသည့် ရေဘုတ်ဆည်အစွမ်းဖြင့် ကျေးရွာများတွင် နှမ်းစပါးများ လန်းခဲ့ကြချေပြီ။

ရေဘုတ်ဆည်သွား တောလမ်းခရီးဝယ် နှမ်းစပါးများ တပျော်တပါး စိုက်ပျိုးနေကြသည့် မြင်ကွင်းကို တွေ့မြင်လိုက်ရ၍ ခရီးတစ်ထောက်နားကာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ကျေးရွာက သဗ္ဗာန်ကျေးရွာတည်း။ နှမ်းစပါးများ စိုက်ပျိုးလျက်ရှိကြသည်။ ယခင်က ဘာသီးနှံမျှ မစိုက်နိုင်သောဒေသတွင် ဆည်ရေအကျိုးကျေးဇူးကြောင့် နှမ်းစပါးအပြင် အခြားသီးနှံများကိုပါ သီးထပ်စိုက်ပျိုးကြဦးမည်ဟု တောင်သူများက ရွှင်လန်းတက်ကြွစွာ ဆိုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ *

လှိုင်းဘွဲ့မြို့နယ်အတွင်း နှမ်းစပါးများ ဝေဖြာလာအောင် အကျိုးပြုပေးနေသည့် ရေဘုတ်ဆည်ကြီးကို ဤသို့ ရှုမငြီးဖွယ် တွေ့မြင်ခဲ့ရသည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်)

သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စားသုံးပါ

အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသောဆိုစကားအရ အစားအစာများသည် လူ့ခန္ဓာကိုယ်အတွက် အာဟာရဖြစ်သကဲ့သို့ ထက်မြက်သော ဆေးတစ်ပါးလည်းဖြစ်သည်။ လူတို့သည် ကျန်းမာကြံ့ခိုင် သန်စွမ်းစေရန် နေ့စဉ်စားသုံးသော အစားအစာများသည် ရောဂါကာကွယ်နိုင်သည့် အစားအစာများဖြစ်ရန်လည်း လိုအပ်သည်။

ယနေ့အချိန်သည် ခေတ်မီတိုးတက်လာသည့်အလျောက် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် သုံးစွဲသောပစ္စည်းများတွင် ဓာတုပစ္စည်းအမျိုးမျိုးပါဝင်လျက်ရှိသည်။ ယင်းသို့ သုံးစွဲမှုထဲတွင် လူကို အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ အစားအစာများမှတစ်ဆင့် လူ၏ခန္ဓာကိုယ်ထဲသို့ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိပါက အချိန်ကြာမြင့်သည့်အခါ လူ၏ကျန်းမာရေးကို ထိခိုက်စေသည်။

မျက်မှောက်ကာလတွင် သီးနှံများကိုစီးပွားဖြစ် တွင်ကျယ်စွာစိုက်ပျိုးလျက်ရှိရာ သီးနှံဖြစ်ထွန်းရေးအတွက် ဓာတ်မြေဩဇာများကိုသုံးစွဲခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းတို့ကို ပြုလုပ်ကြရသည်။ ဓာတ်မြေဩဇာများကို အသုံးပြုရာတွင် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် စားသုံးသူများအတွက် ဆိုးကျိုးမဖြစ်ပေါ်နိုင်ပေ။ စားသုံးသူများကလည်း အသီးအရွက်များကို စင်ကြယ်စွာ ရေနှင့်ဆေးကြောပြီးမှ စားသုံးသင့်သည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည့် ဓာတုပစ္စည်းများ ပါဝင်သည့်ဟင်းသီးဟင်းရွက်ကို စားသုံးမိပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း စသည့်ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်သည်။

မိသားစုဝင်များအားလုံးသည် မိမိတို့၏ အိမ်၊ ခြံမြေများတွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြခြင်းဖြင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်မည်ဖြစ်သည်။ မိသားစုဝင်အားလုံး တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါက ငွေကုန်သက်သာပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စားသုံးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိသားစုများသည် သန့်ရှင်းလတ်ဆတ်သော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို စားသုံးကြမည်ဆိုပါက အာဟာရပြည့်ဝသည့်အပြင် ကျန်းမာရေးနှင့်လည်း ညီညွတ်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အငယ်တန်းအင်ဂျင်နီယာ(၂)ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ

ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၃၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ကျင်းပသော အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက သင်တန်းသားခေါင်းဆောင်ထံသို့ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဝန်ကြီးက သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာချင်းဆက်ဖွံ့ဖြိုးရေးတံတား တိုက်ကြီး၌ဖွင့်

တိုက်ကြီး ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံရွာမ ကျေးရွာတွင် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ဥက္ကံရွာမ ကျေးရွာ ချင်းဆက်လမ်း ဖွံ့ဖြိုးရေးတံတားဖွင့်ပွဲ အခမ်းအနားကို တံတားထိပ်ရှိ မုခ်ဦး ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ လမ်းကော်မတီ ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် လမ်းကော်မတီအတွင်းရေးမှူး ဦးတင်မြင့် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ တံတားသည် အလျား ၁၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ခုနစ်ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၀ သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၂၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၁၅ ရက်က ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမက(၂၀)မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် စာပေဘာသာရပ်အားလုံး ဘက်စုံထူးချွန်ဆုရ တတိယတန်းမှ မခင်စန္ဒီဘို (ခ) မရူဘီအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

AUX လေအေးပေးစက်များဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၃၀

AUX လေအေးပေးစက်များကို ရောင်းချပေးလျက်ရှိရာ အဆိုပါ လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့ပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air- Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့်ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိသည်။ AUX လေအေးပေးစက်များကို 5% Discount ပေးထားကြောင်း သိရသည်။

ဆက်သွယ်ဆောင်ရွက်

AUX အမှတ်တံဆိပ် လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Asia Co., Ltd. အမှတ် (၂၂၅) အနော်ရထာလမ်း (၁၁)လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊ ၂၁၈၀၂၁နှင့် ဖက်စ်-၀၀၉၅-၁-၂၂၈၃၈၄ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညောင်ဦးခရိုင် လက်ပန်ခြေပေါ်ဘက်ကမ်း ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းနှင့် ညောင်ဦးမြို့ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၉ ရက် နံနက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် နွေစပါးပျိုးထောင်ခြင်း လက်တွေ့သရုပ်ပြ

ကျောက်ဆည် ဇန်နဝါရီ ၃၀

ကျောက်ဆည်မြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် နွေစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ပလတ်စတစ်ဆန်ခါပိုက်ဖြင့် လက်တွေ့သရုပ်ပြပျိုးထောင်ခြင်းကို ဇန်နဝါရီ ၂၆ ရက်က ရဲမအူကျေးရွာအုပ်စု တောင်သူဦးအေးလွင်၏ လယ်မြေ၌ ဆောင်ရွက်ခဲ့ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဖိုးစိန်၊ နယ်မြေကြီးကြပ်ရေးမှူး ဦးသောင်းအေးနှင့် ကွင်းတာဝန်ခံ ဝန်ထမ်းများ၊ စိတ်ပါဝင်စားသည့် စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကျောက်ဆည်မြို့တွင် ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးစီမံကိန်း စိုက်ဧက ၁၉၉၂၀ရှိရာ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ပြီး စိုက်ပျိုးမည့် ဧကမှာ ၆၀၀ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ပြည်ပဧည့်သည်အဖွဲ့များ ဝန်ကြီး ဦးထွေးဦးအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးထွေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHINA CAMC Engineering Co., Ltd. မှ General Manager Mr.Song Zhe နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁နာရီကလည်းကောင်း**(အပေါ်ပုံ)**၊ ဗြိတိန်နိုင်ငံ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအဖွဲ့ (South East Asia and Pacific Group)၏ အကြီးအကဲ Mr. John Murton သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Andrew Richard Heyn နှင့်အတူ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Dr. Shin Tmai သည် ဇန်နဝါရီ ၂၇ ရက် ည ၇နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ အသီးသီးလာရောက်တွေ့ဆုံကြပြီး လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလက ကျောင်းခွဲ ရမည်းသင်း၌ဖွင့်

ရမည်းသင်း ဇန်နဝါရီ ၃၀

ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင်ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထူးလွင်၊မြို့နယ်ဥက္ကဋ္ဌဦးရဲကျော်ခိုင်၊ခရိုင်ပညာရေးမှူးဦးသန်းထွန်းဟန်၊ ကျောင်းဆောင်သစ် အလှူရှင် ဦးသန်းထွဋ် (မန္တလေး) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(ယာပုံ)** ထို့နောက် အလှူရှင် ဦးသန်းထွဋ် (မန္တလေး) က အခြေခံပညာအလယ်တန်းကျောင်းခွဲ မာတိကာမီဒီယာအတွက် ကက်ဆက်တစ်လုံး၊ ဗလာစာအုပ် ၈၄ ဒါဇင်၊ ဘောလ်ပင် ၄၂ ဒါဇင်တို့ကို လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၀

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁၉)ကို ဖေဖော်ဝါရီ ၁ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ နာမည်ကျော် သရုပ်ဆောင်စတားလုံးပါဝင်သည့် F.I.S.T၊ Something Evil Comes, George of The Jungle, Wayne's World, Miami Blues, The Princess And The Frog, Desperado, Peter Pan, Nine, Accused At 17 စသည့် ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပမည့် (၅၃)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအား Star World ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့်အစီအစဉ်၊ Channel V ရုပ်သံလိုင်းတွင် 2010 Mnet Asian Music Awards ဆုပေးပွဲကျင်းပခဲ့ပုံများကို ကြည့်ရမည့်အစီအစဉ်နှင့် တေးသံရှင် KeSha ၏ ဖျော်ဖြေမှု၊TLC ရုပ်သံလိုင်းတွင် အပန်းဖြေသင်္ဘောလုပ်ငန်းများအကြောင်းကြည့်ရမည့်Cruises We Love အစီအစဉ်နှင့် Perfect Proposal, A Dating Story အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရမည့် Surviving the Cut , I (Almost) Got Away With It, Understanding:Oceans, Shanghai Bus Terminal, Eniglmatic Malaysia စသည့် အစီအစဉ်ကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင် အမြီးဖြူပင်လယ် လင်းယုန်ငှက်များအကြောင်းကြည့်ရမည့်Sea Eagles: Bird With The Golden Eye အစီအစဉ်နှင့် အာဖရိကကျားသစ်တစ်ကောင်အကြောင်းပြသမည့် The Leopard Son အစီအစဉ်အားလုံးကို မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် စိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြီးမားသည့် ငါးရှူကြီးများအား ဖမ်းဆီးပြမည့် Caught Barehanded အစီအစဉ်နှင့် ခန္ဓာကိုယ်ပေါက်ကွဲသွားသည့် ဝေလငါးကြီးအကြောင်း ကြည့်ရမည့် Predator CSI: Whale That Blew Up အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် ဘောလုံးပွဲ ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Multi Max၊ 5 Movie၊ 5 Series၊ 5 Series II ၊ 5 Cartoon ရုပ်သံလိုင်းများတွင်ပြသမည့် အစီအစဉ်များအကြောင်း၊ Mandalay FM တွင် နားဆင်ရမည့် ပဉ္စလက်မျက်မှန် ရေဒီယိုဇာတ်လမ်းနှင့် ဘရိတ်ကီ၏ အပါးလေး စီးရီးသစ်အကြောင်း၊ MRTV-4 ရုပ်သံလိုင်းတွင် ကလေးငယ်များ၏ စွမ်းရည်များအား ကြည့်ရမည့် ရွှေပြည်နန်း Kiss Show အစီအစဉ်၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာအစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ရက်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀-၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express 09-508080၊ 391186 သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်အဆောက်အအုံသစ် ပွင့်ဖြူ၌ဖွင့်

ပွင့်ဖြူ ဇန်နဝါရီ ၃၀

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီး ကျေးရွာအုပ်စု ကျောင်းကုန်းကြီးကျေးရွာ ပညာအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက

အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မေသန္တာအောင်၊ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းတို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး စာကြည့်တိုက်အတွက်စာအုပ်များလှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေး၊ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျေးရွာ ပြည်သူများက စာအုပ်စာစောင်မျိုးစုံကို ကျေးရွာစာကြည့်တိုက် ကော်မတီသို့ လှူဒါန်းပေးခဲ့ကြသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား၁၀ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၍ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၅)ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ရတနာသီဂီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၈ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် အင်ဂျင်နီယာမှူး ဦးမင်းမောင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့ပြကတ္တရာလမ်းသစ် ကျောက်ကြီးမြို့၌ ဖွင့်လှစ်

ကျောက်ကြီး ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တောင်ငူတန်းရပ်ကွက်၌ အရှည်ပေ ၁၁၁၀၊ အကျယ် ၁၂ပေရှိ ဆရာစံကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ တောင်ငူတန်းရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ညွန့်တို့က လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

အီရန်နျူကလီးယားဓာတ်အားပေးစက်ရုံ မဟာဓာတ်အားလိုင်းနှင့် ဧပြီလတွင် ချိတ်ဆက်မည်

တီဟီရန် ဇန်နဝါရီ ၃၀

အီရန်နိုင်ငံ၏ ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို ဧပြီလဆန်းတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့(အေအီးအိုအိုင်) အကြီးအကဲအလီအက္ဂဘာက ဇန်နဝါရီ ၂၈ ရက်တွင် ထုတ်ဖော်ပြောဆိုသည်။

ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို မဟာဓာတ်အားလိုင်းနှင့် ဖေဖော်ဝါရီလလယ်ခန့်တွင် ဆက်သွယ်နိုင်မည်ဟု အလီအက္ဂဘာက စောစောပိုင်းက ပြောဆိုခဲ့ဖူးသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲရေးကို အလောတကြီးလုပ်ခြင်းထက် လုံခြုံစိတ်ချရရေးကို ဂရုပြုရန် ပိုမိုအရေးကြီးကြောင်း ၎င်းက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားလိုက်ပြီးနောက် အဆိုပါ နျူကလီးယားစက်ရုံကို ဧပြီလတွင် ချိတ်ဆက်မည်ဟု တစ်ဆက်တည်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို တစ်စုံတစ်ရာ နှောင့်ယှက်ဖျက်ဆီးလာမည်ဆိုလျှင် မိမိတို့အနေဖြင့် ချက်ချင်းလက်တုံ့ပြန်မည်ဖြစ်ကြောင်း ၎င်းက သတိပေးလိုက်သည်။ **(အင်တာနက်)**

ဆိုမာလီ ပင်လယ်ဓားပြငါးဦး တောင်ကိုရီးယား၌ ရုံးတင်မည်

ဆိုးလ် ဇန်နဝါရီ ၃၀

ပင်လယ်ဓားပြတိုက်မှုဖြင့် ဖမ်းဆီးခဲ့သော ဆိုမာလီနိုင်ငံသားငါးဦးကို မကြာမီ စွဲချက်တင် အရေးယူရန် တောင်ကိုရီးယားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ခေါ်ဆောင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၃၀ရက်က ဖော်ပြသည်။ ***(အောက်ပုံ)***

ဖမ်းဆီးမိ

အာရေဗျပင်လယ်၌ ပြန်ပေးဆွဲခံရသည့် ဆမ်ဟိုဂျူဝယ်ရီခေါ် ကုန်သင်္ဘောကို တောင်ကိုရီးယားရေတပ်ကွန်မန်ဒိုများက ဇန်နဝါရီ ၂၁ရက်တွင် စီးနင်းတိုက်ခိုက်စဉ် အဆိုပါဆိုမာလီနိုင်ငံသား ငါးဦးကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားရေတပ်ကွန်မန်ဒိုများက ကယ်ဆယ်ရေးလုပ်နေစဉ် သင်္ဘောပေါ်၌ရှိသည့် ပင်လယ်ဓားပြ ၁၃ဦးအနက် ရှစ်ဦးမှာ ပစ်ရင်းခတ်ရင်း သေဆုံးခဲ့ကြသည်ဟု တောင်ကိုရီးယားတာဝန်ရှိသူများက ပြောဆိုသည်။

ရင်ဆိုင်ရမည်

ဖမ်းမိသည့် ငါးဦးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ လေယာဉ်ဖြင့် ခေါ်ဆောင်လာပြီးနောက် ဘူဆန်သို့ ပို့ပေးလိုက်သည်။ ၎င်းတို့မှာ ပင်လယ်ရေကြောင်းခရီး ဓားပြတိုက်မှု၊ လူသတ်မှုကျူးလွန်ရန် အားထုတ်မှုတို့ဖြင့် စွဲချက်တင်ခံရမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောဆိုသည်။ ***(အင်တာနက်)***

ဘရာဇီး၌ အထပ် ၃၀ရှိ အဆောက်အအုံပြိုကျ လုပ်သား သုံးဦး ပိတ်မိနေ

ဘီလင် ဇန်နဝါရီ ၃၀

ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါရာပြည်နယ် ဘီလင်မြို့၌ ဆောက်လုပ်ရေးလုပ်သားသုံးဦးကို ပြိုကျသည့် အဆောက်အအုံအပျက်အစီးများကြားတွင် ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေနေကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၃၀ ရက်က ဖော်ပြသည်။

ဆေးကုသ

အထပ် ၃၀ရှိ ဆောက်လုပ်ဆဲ အဆောက်အအုံပြိုကျရာ၌ ဆောက်လုပ်ရေးလုပ်သားသုံးဦး ပိတ်မိနေသည်ဟု အလုပ်သမားသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူကပြောဆိုသည်။ လမ်းသွားလမ်းလာ လူ ခြောက်ဦးမှာ အနည်းငယ်စီ ထိခိုက်သဖြင့် ဆေးကုသနေရသည် ဆို၏။

ရှာမတွေ့

ယခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးမည့် အဆိုပါ အဆောက်အအုံကို လုပ်သားခုနစ်ဦးဖြင့် လုပ်ကိုင်လျက်ရှိသည်။ ပြိုမကျမီက ဆောက်လုပ်ရေးလုပ်သား လေးဦးတို့ အလုပ်ခွင်မှ အပြင်သို့ ထွက်ခွာသွားသဖြင့် လွတ်မြောက်သွားကြသော်လည်း သုံးဦးမှာ လုပ်ငန်းခွင်၌ ရှိနေသဖြင့် ယခုတိုင်ရှာမတွေ့ဘဲ ရှိသည်ဟု သိရသည်။

အနီးအနားရှိ အဆောက်အအုံများ၌ နေထိုင်သူများကိုလည်း ရဲတပ်ဖွဲ့က အခြားသို့ ပြောင်းရွှေ့ပေးလိုက်သည်ဟု ဆို၏။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ ကားလမ်းဥမင်၌ ဗုံးခွဲတိုက်ခိုက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင်ရှိသော အဓိကကျသည့် ကားလမ်းဥမင်လိုဏ်အတွင်း၌ ဇန်နဝါရီ ၂၉ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ခုနစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

အခင်းဖြစ်ပွားမှုမှာ ခိုင်ဘာမြို့အနီး ခိုဟက်ဥမင်လိုဏ်အတွင်း၌ ဗုံးများ တင်ဆောင်လာသော ထရပ်ကားတစ်စီးက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အနီးရှိ ရေနံတင်ယာဉ်တစ်စီးလည်း မီးလောင်ခဲ့သည့်အပြင် **(အပေါ်ပုံ)** အခြား မော်တော်ယာဉ်တစ်စီးလည်း ပျက်စီးခဲ့သည်။

အဆိုပါ ဥမင်ကားလမ်းမှာ ခိုင်ဘာပြည်နယ်၏ မြို့တော် ပက်ရှ်ဝါမြို့နှင့် တောင်ပိုင်းရှိ လူမျိုးစုဒေသများကို ဆက်သွယ်ထားသည်။ ယင်းဥမင်သည် အရှည် ၁ ဒသမ ၉ ကီလိုမီတာ ရှည်လျားပြီး ၂၀၀၃ခုနှစ်က တည်ဆောက်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် စုစည်းသည်

အိန္ဒိယ၌ ငါးထပ်အဆောက်အအုံပြိုကျ ငါးဦးသေဆုံး၊ ၁၃ ဦးဒဏ်ရာရရှိ

မွမ်ဘိုင်း ဇန်နဝါရီ ၃၀

အိန္ဒိယနိုင်ငံ ဂူဂျရက်ပြည်နယ် အမီဒါဘတ်မြို့တွင် ဇန်နဝါရီ ၃၀ရက်က ငါးထပ်အဆောက်အအုံ တစ်လုံး ပြိုကျခဲ့ရာ ငါးဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

၎င်းအဆောက်အအုံမှာ လူနေထိုင်ရန်အတွက် တည်ဆောက်နေဆဲ အဆောက်အအုံဖြစ်သည်။ အဆောက်အအုံပြိုကျမှုကြောင့် အပျက်အစီးများကြား၌ ပိတ်မိနေသူများရှိနေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆေးရုံတင်ပို့

ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကြား၌ ပိတ်မိနေသူများကို ရှာဖွေလျက်ရှိပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

အဆောက်အအုံ ပြိုကျခဲ့မှုနှင့် စပ်လျဉ်း၍ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

ဂျာမနီ၌ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်၊ ၁၀ ဦးသေဆုံး

ဘာလင် ဇန်နဝါရီ ၃၀

ဂျာမနီနိုင်ငံအရှေ့ပိုင်း မက်ဒီဘတ်မြို့အနီးတွင် ဇန်နဝါရီ ၂၉ရက် ညနေပိုင်းက ခရီးသည်တင် လော်ကယ်ရထားနှင့် ကုန်ရထားတို့ ခေါင်းချင်းဆိုင် တိုက်မိသဖြင့် အနည်းဆုံး ၁၀ ဦး သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောဆိုသည်။

မည်သည့်အတွက် ရထားနှစ်စင်းတိုက်မိသည်ကို မသိရသေးချေ။ ဒဏ်ရာရသူများအနက် ၁၈ဦးမှာ ဒဏ်ရာပြင်းထန်သည်။ ရထားနှစ်စင်း တိုက်မိပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

လော်ကယ်ရထားမှာ မက်ဒီဘတ်မြို့နှင့် ဟဲဘာစတက်မြို့အကြား ပြေးဆွဲနေသည့် အမြန်ရထားဖြစ်သည်။ ထိုနေ့က ရထားချင်းခေါင်းချင်းဆိုင် တိုက်မိပြီးနောက် ရထားတွဲ အချို့ တွဲလမ်းချော်သွားကြောင်း သိရသည်။ **(အင်တာနက်)**

ကဘူးလ်မြို့ စူပါမားကက်၌ ဗုံးခွဲတိုက်ခိုက်

ကဘူးလ် ဇန်နဝါရီ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင်ရှိသော စူပါမားကက်တစ်ခုတွင် ဇန်နဝါရီ၃၀ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ သေဆုံးမှုနှင့်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကဘူးလ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ဗုံးခွဲတိုက်ခိုက်သူမှာ အသက် ၄၀ခန့် အရွယ်ရှိပြီး စူပါမားကက်အတွင်းသို့ ရုတ်တရက် ဝင်ရောက်လာကာ ခန္ဓာကိုယ်တွင် ချည်နှောင်ထားသော ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကလေးငယ်များ အပါအဝင် ကိုးဦး သေဆုံးခဲ့ပြီး အချို့ ဒဏ်ရာရရှိခဲ့သည်။ စူပါမားကက်အတွင်းရှိပစ္စည်း အများအပြားလည်း ပျက်စီးကာ အဆောက်အအုံ အစိတ်အပိုင်းအချို့ ပျက်စီးခဲ့သည်။ **(အင်တာနက်)**

✻ ရွှေဖုံးမှ

ရေဘုတ်ဆည်

ရေဘုတ်ဆည်၏ အကျိုးကျေးဇူးက ကြီးမားလေစွ။ ရေဘုတ်ဆည်ကို ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းပေါ်တွင် မြေသားတမံ အလျား

ပေ ၁၇၇၂၀၊ အမြင့် ၄၆ ပေနှင့် သိုလှောင်ရေပမာဏ ဧကပေ ၃၆၀၀၀ ခန့် သိုလှောင်၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ၅၄၅၂ ဧကခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ရေးနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး၌ ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။

ဖြန့်ဝေပေး

လက်ရှိတမံလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ တူးမြောင်းလုပ်ငန်းများကိုအပြီးသတ် ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်မိုးရာသီတွင် ကန်ရေပြည့် အမှတ်ထက်ကျော်လွန်ရရှိခဲ့၍ အနီးပတ်ဝန်းကျင် ကျေးရွာများ နွေစပါး စိုက်ပျိုးနိုင်ရန် ဆည်ရေများကို လက်တံမြောင်းနှင့် တိုက်ရိုက် ရေပေးမြောင်းအချို့မှ ဒီဇင်ဘာလကတည်းက ဖြန့်ဝေပေးလျက်ရှိသည်။ လက်ရှိကာလတွင် ဆည်ရေဖြင့် နွေစပါးဧက ၁၀၀၀ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ဆည်ရေသောက်ဧရိယာ ကျေးရွာများရှိ နွေခေါင်ခေါင် ကွင်းပြောင်ပြောင်အရပ်များတွင် နွေစပါးများ ပိုမိုလန်းကြပေတော့မည်။

ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝမှာလည်း ခေတ်စကားအရ ပို၍ ပို၍ လန်းလာပေဦးမည်။

တိုးချဲ့စိုက်ပျိုး

ပြီးခဲ့သည့်နှစ် စိုက်ပျိုးရာသီတွင် လှိုင်းဘွဲ့မြို့နယ်၌ နွေစပါး ၂၃၀၉၅ ဧက စိုက်ပျိုးနိုင်ခဲ့၏။ ယခုနှစ်စိုက်ပျိုးရာသီတွင် နွေစပါးဧက ၁၀၀၀နှင့် လာမည့်နှစ်များတွင် ဧက ၃၀၀၀ အထိ ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဟု သိရသည်။ တောင်သူများ၏ ရွှေခေတ်တစ်ခေတ်ပါပေ။

သွားရောက်လေ့လာ

ရေဘုတ်ဆည်သို့ သွားရောက်လေ့လာရင်း လှိုင်းဘွဲ့မြို့နယ်၏ ဒေသန္တရ ဗဟုသုတများကိုလည်း အချိန်ရရိုက် တစ်ပါတည်း လေ့လာခဲ့ကြသေးသည်။

ဖွံ့ဖြိုးစည်ပင်

လှိုင်းဘွဲ့မြို့နယ်သည် ပြည်နယ်အတွင်း ဧရိယာကြီးမားကျယ်ပြန့်သောမြို့နယ်တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးစည်ပင်မှုရှိသည်။ ရွှေဥန်းဆိုပါမူ ယခင်ကတည်းက ရေလမ်းခရီးတွင် အဓိကကျသော ဒေသတစ်ခုဖြစ်၍ လှိုင်းဘွဲ့ထက်ပင် ပိုမိုဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။

ရွှေဥန်းမြေပဲ

ရွှေဥန်းမြို့ ဖွံ့ဖြိုးစည်ပင်သည့်နည်းတူ ရွှေဥန်းမြေပဲကလည်း မျက်မှောက်ခေတ်တွင် နာမည်ကျော်သည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်စီစဉ်ဆောင်ရွက်မှုဖြင့် နုန်းသွင်းမြောင်းများ ဖောက်လုပ်ပြီး သံလွင်မြစ်မှ နုန်းများကို နုန်းတင်မြေနုအဖြစ် ပြောင်းလဲပေးခဲ့၍ ရွှေဥန်းမြေပဲမှာ အထွက်နှုန်းကောင်းသည်။

မြေပဲတစ်ဧကလျှင် ပျမ်းမျှ တင်း ၅၀ ကျော်သာ ထွက်ရှိချိန်တွင် ရွှေဥန်းမြေပဲကတင်းရာကျော်သည်။ ပြီးခဲ့သည့်နှစ်များက ဦးအုန်းတင်၏ မြေပဲခင်းတွင် တစ်ဧက ၁၅၇ တင်းထွက်ရှိ၍ FAO ဆုပင် ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ မြေပဲစိုက်ခင်းများသည် ယခင်က မြေလွတ်မြေရိုင်းမျှသာဖြစ်ခဲ့၏။ ယခုဆိုပါမူ တောင်သူများအတွက် မြေကြီးမှ ရွှေသီးလာခဲ့ချေပြီ။

အောင်ချက်မြင့်မား

ရွှေဥန်းမြေပဲ အထွက်နှုန်းမြင့်မားသကဲ့သို့ ရွှေဥန်းအထကကျောင်းကလည်း တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်စဉ်အောင်ချက်မြင့်မားသည်။ ပြည်နယ်အဆင့်တွင် ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်နှင့် ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်နှစ်တို့၌ ပထမ၊ ၂၀၀၉-၂၀၁၀ ခုနှစ် ပညာသင်နှစ်တွင် ဒုတိယတို့ဖြင့် ဆွတ်ခူးရရှိခဲ့ပေသည်။

ထိုဒေသတွင် ကျူရှင်မရှိ၊ ကျောင်းသင်ကြားမှုစနစ် တစ်ခုတည်းသာရှိ၏။ အောင်ချက်မြင့်မားရေးအတွက် အချိန်ပိုသင်ကြားခြင်း၊ Camp သွင်း၍ စာဖတ်ဝိုင်းများထူထောင်ခြင်းဖြင့် အထူးဝါယမ စိုက်ထုတ်ကြိုးပမ်းခဲ့ကြ၏။ ယခု ပညာ

အထွက်နှုန်းကောင်းလှသည့် ရွှေဥန်းမြေပဲများကို ဈေးကွက်သို့အချိန်မီ တင်ပို့နိုင်ရန်အတွက် ဤသို့ စုပေါင်းနုတ်ယူကြရသည်။

သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းသား ကျောင်းသူ ၁၆၆ ဦး ဝင်ရောက်ဖြေဆိုကြမည် ဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီးက ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ပိုမိုမြင့်မားရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်းဆိုသည်။

ဖွဲ့ကပင်မြေမှ ဌာနေသို့ အပြန်ခရီးဝယ် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းစုံက နှလုံးသားထဲ၌ စွဲမြဲထင်ဟပ်နေဆဲ။

အထူးသဖြင့် နိုင်ငံတော်အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းခဲ့ရာ ယခုအခါ စား၊ ရေ ရိက္ခာဖူလုံသည့်အဆင့်မှ ပိုလျှံသည့်အဆင့်သို့ပင် ရောက်ရှိလာခဲ့ကြသည်ကို သံလွင်က သက်သေတည်လျက်ရှိပေပြီ။ မြန်မာပြည်၏ အလှများဖြစ်ကြသောမြစ်မင်းဧရာ၊ ချင်းတွင်း၊ စစ်တောင်းနှင့် ရွှေလီတို့ကလည်း ကိုယ်စီကိုယ်စီ သက်သေတည်လျက်ရှိကြောင်းပါ။ ။

ရေဘုတ်ဆည်မှရေဖြင့် နွေစပါးများကို တောင်သူများက ဤသို့ ပျော်ပျော်ပါးပါးစိုက်ပျိုးခဲ့ကြသည်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးထားသော အများသုံးရေတွင်းကို ဇန်နဝါရီ ၁၀ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ငြိမ်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဒီဇင်ဘာ ၂၇ ရက်က ကော့သောင်းမြို့ ဆိပ်ကမ်းသာ ကျောက်စီမြေထိန်းနံရံတွင် လက်ရန်းတိုင်၊ လက်ရန်းတန်းများ ပြုလုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းနှင့် ဦးစီးအရာရှိ ဦးတင်အောင်လွင်တို့ ဒီဇင်ဘာ ၂၄ ရက်က အမှတ်(၁) ရပ်ကွက်ရှိ အနော်ရထာလမ်းကတ္တရာခင်းရန် ကျောက်များစုဆောင်းထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၂ရက်က ကဝမြို့နယ် ရှမ်းကန်-သပြုလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နယ်ရှိ စကြာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးသူဇာလှ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆောင်း ... နှင်း ... မိုး ... လေ

ကျော်လွင်ဦး (မိုး/ဇလ)

ယခုအချိန်သည် အာရှတိုက်ဒေသများတွင် ဆောင်းရာသီအားကောင်းနေသည့် အချိန်ကာလဖြစ်ပါသည်။ ရာသီအလိုက် ပုံမှန်လေတိုက်ခတ်ရာအရပ်ကို အခွဲပြု၍ အရှေ့မြောက် မုတ်သုံရာသီလေ (ဆောင်းရာသီ)နှင့် အနောက်တောင်မုတ်သုံရာသီလေ(နွေရာသီ) ဟု မြန်မာနိုင်ငံတွင် ထင်ရှားသည့် မုတ်သုံလေ နှစ်မျိုးရှိပါသည်။ အနောက်တောင်မုတ်သုံကာလအတွင်း တစ်နှစ်ပတ်လုံးရွာသွန်းသည့် မိုးရေချိန်၏ ၉၀ ရာခိုင်နှုန်းကျော်ရရှိ၍ ဆောင်းရာသီတွင် မိုးရွာသွန်းမှုနည်းပါးပြီး အေး၍ခြောက်သွေ့သော အချိန်ကာလများ ဖြစ်ပါသည်။ ယခု ဆောင်းပါးတွင် ဆောင်းရာသီအချိန်ကာလများတွင် ဖြစ်ပေါ်ကြုံတွေ့ရတတ်သည့် မိုးလေဝသနှင့် ရာသီဥတု ဖြစ်စဉ်အချို့ကို ဆွေးနွေးတင်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ ဆောင်းမုတ်သုံ အားအကောင်းဆုံးကာလများမှာ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိဖြစ်ပြီး မြေပြင်အနီး တိုက်လေများမှာ အရှေ့ (သို့မဟုတ်) အရှေ့မြောက်ဘက်မှ တိုက်ခတ်ပါသည်။ တိုက်လေလာရာအရပ်မှာအေး၍ ခြောက်သွေ့သော ကုန်းမြေများမှ ဖြတ်သန်းလာရသဖြင့် လေအေးများဖြစ်ပြီး အေးမြသောဆောင်းရာသီကို ခံစားရပါသည်။ တစ်ခါတစ်ရံ ဟိမဝန္တာ တောင်ဘက်မှ အနောက်မြောက်လေအေးများ ဝင်ရောက်လာလေ့ရှိပြီး အထက်ပိုင်းဒေသများနှင့် ကုန်းမြင့်ဒေသတို့တွင် အအေးပို စေတတ်သည်လည်းရှိပါသည်။ နွေမုတ်သုံရာသီအားကောင်းလျှင် မုတ်သုံမိုးများသည်းထန်စွာ နေရာအနှံ့အပြား ရွာသွန်းသကဲ့သို့ ဆောင်းမုတ်သုံအားကောင်းပါက အအေးပိုစေပါသည်။ မြန်မာနိုင်ငံအရပ်ရပ်သို့ နွေရာသီတိုက်ခတ်သောလေမှာ ပင်လယ်ဘက်မှ ရေခိုး၊ ရေငွေ့များပါဝင်သည့် ပူနွေးစွတ်စိုသောလေများဖြစ်ပြီး ဆောင်းရာသီတိုက်ခတ်သောလေမှာ ရေခိုး၊ ရေငွေ့ပါဝင်မှုနည်းပါးပြီး အေး၍ခြောက်သွေ့သော လေများဖြစ်ပါသည်။ မိုးလေဝသအခြေအနေများမှာ တိုက်လေလာရာအရပ်ပေါ် မူတည်ပြောင်းလဲခြင်း ကြောင့် ဖြစ်ပါသည်။

အလွန်အေးတဲ့ရာသီ

မြန်မာနိုင်ငံဆောင်းရာသီကာလ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဇန်နဝါရီလသည် အအေးဆုံးကာလ ဖြစ်ပြီး လစဉ်ပျမ်းမျှအနိမ့်ဆုံးအပူချိန်များအား ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လေ့လာပါက ကချင်ပြည်နယ်တွင် ၁၀ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၀ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်တွင် ၁၅ ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ၁၈ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၁၃ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၂ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၆ ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၇ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၇ ဒီဂရီစင်တီဂရိတ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၁၈ ဒီဂရီစင်တီဂရိတ်တို့ အသီးသီးရှိပါသည်။ ကိန်းဂဏန်းတစ်လုံးတည်း ညအပူချိန်များ (Single Digit Night Temperature) ကို ကုန်းမြင့်ဒေသများတွင်သာ တွေ့ရမည် ဖြစ်ပါသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း

ဆောင်းရာသီတွင် ဖြစ်ပေါ်တတ်သော မိုးလေဝသအခြေအနေများမှာ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ အအေးပိုခြင်း၊ မြူထူဆိုင်းခြင်းနှင့် အရှေ့လေပြင်းများ တိုက်ခတ်လေ့ရှိခြင်းတို့ဖြစ်ပါသည်။ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ သက်ရောက်မှုကြောင့်သော်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်သော်လည်းကောင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးရွာသွန်းနိုင်ပါသည်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း မိုးရွာသွန်းမှုနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အတွင်း မိုးရွာသွန်းမှုများမှာ အဆိုပါ မိုးလေဝသဖြစ်စဉ်များကြောင့် ဖြစ်ပါသည်။ မိုးရွာသွန်းမှုမှာ ဒေသအချို့တွင် ၂၄ နာရီအတွင်း မိုးရေချိန်တစ်လက်မခွဲမှ နှစ်လက်မခွဲအထိ ရွာသွန်းခဲ့ပြီး စံချိန်တင်မိုးရေချိန်များရရှိခဲ့ကြောင်း တွေ့ရပါသည်။ မိုးရွာသွန်းမှုကြောင့် ဆောင်းသီးနှံအချို့အတွက် အစိုဓာတ်ရရှိစေခဲ့သော်လည်း အချို့သီးနှံများနှင့် နေလှန်းဆားလုပ်ငန်းတို့အတွက်မူ ဖျက်မိုးဖြစ်ခဲ့ကာ မိုး/ဇလဦးစီးဌာနမှ ကြိုတင်သတင်းထုတ်ပြန်နိုင်ခဲ့ပါသည်။

အအေးပိုခြင်း

အအေးပိုခြင်းဖြစ်ပေါ်စေတတ်သည့် မိုးလေဝသအခြေအနေမှာ လမ်းကြောင်း(၁)အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလယ်ပိုင်းတွင်ဖြစ်ပေါ်သော လေဖိအားများဒေသကြီး (High Pressure Area) မြန်မာနိုင်ငံဘက်သို့ ဆန့်တန်းရာမှ လေအေးများဝင်ရောက်တတ်ခြင်းနှင့် လမ်းကြောင်း(၂)အဖြစ် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများမှတစ်ဆင့် အနောက်မြောက်လေအေးများသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများသို့ ဝင်ရောက်ခြင်းဟူ၍ လမ်းကြောင်း နှစ်မျိုးရှိပါသည်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ပထမ ၁၀ ရက်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ပြီး ဒုတိယ ၁၀ ရက်အတွင်း အအေးပိုခဲ့ပါသည်။ အထူးသဖြင့် အမြင့်ပေ ၄၀၀၀ နှင့် ၆၀၀၀ ခန့်ရှိသော ကုန်းမြင့်ဒေသတို့တွင်သာ စံချိန်တင်အအေးပိုခဲ့ပြီး အခြားဒေသများတွင် စံချိန်တင်အအေးပိုခြင်းမရှိခဲ့ကြောင်း တွေ့ရပါသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်အတွင်း အချိန်အခါမဟုတ်မိုးများ ထပ်မံရွာသွန်းခဲ့သဖြင့် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှအပ ကျန်ဒေသများတွင် သိသိသာသာ အအေးပိုနေသည့် ဒေသများမရှိခဲ့ကြောင်း တွေ့ရပါသည်။ " When stars shine clear and bright, We will have a very cold night" (ကြယ်တာရာများ လင်းလက်တောက်ပနေခြင်းသည် ကျွန်ုပ်တို့အတွက် အအေးပိုသောညများရှိလာဦးမည်) ဟူသော မိုးလေဝသဆိုရိုးအတိုင်း ဇန်နဝါရီညများ၏ ကောင်းကင်ယံတွင် ကြယ်ရောင်များ လင်းတစ်လှည့် မှိန်တစ်လှည့် ဖြစ်ပေါ်ခဲ့ပါသည်။ လွန်ခဲ့သော ၁၉၆၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၄၀ အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဇန်နဝါရီလအတွင်း မြို့အလိုက် အနိမ့်ဆုံးကျဆင်းခဲ့သော ညအပူချိန်များကို ဖြစ်ပေါ်ခဲ့သည့် နေ့များဖြင့် ယှဉ်တွဲလျက် ဇယား(၁)တွင် ဖော်ပြထားပါသည်။ အအေးပိုနေသည့် အခြေအနေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အသီးသီးရှိ မိုးလေဝသစခန်းများအလိုက် ညအပူချိန်ကွာခြားချက်များကို တွက်ချက်၍ နေ့စဉ်မိုးလေဝသသတင်းများတွင် ထုတ်ပြန်ပေးပါသည်။ ထို့အပြင် အပူချိန်ကျဆင်းမှုပြင်းအား၊ အပူချိန်ကျဆင်းနေသည့် အချိန်ကာလ၊ အပူချိန်ကျဆင်းမှု ပျံ့နှံ့သည့် ဒေသအကျယ်အဝန်းနှင့် မြေပြင်မိုးလေဝသအခြေအနေတို့အပေါ် မူတည်လျက် အအေးပိုနိုင်မည့်ဒေသများကို နေ့စဉ်မိုးလေဝသသတင်း၊ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်တွင်လည်းကောင်း၊ အထူးသတင်းများ ထုတ်ပြန်၍သော်လည်းကောင်း ကြိုတင်ခန့်မှန်း ထုတ်ပြန်ပါသည်။

မြူထူဆိုင်းခြင်း

ဆောင်းရာသီအတွင်းဖြစ်ပေါ်မှုများသည် အခြားအရေးပါသော မိုးလေဝသအခြေအနေတစ်မျိုးမှာ မြူထူဆိုင်းခြင်း (Foggy Weather) ဖြစ်ပါသည်။ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းသော မိုးလေဝသအခြေအနေတို့ကို ဖြစ်ပေါ်စေသည့် မိုးတိမ်တောင် (Cumulonimbus) ဖြစ်ပေါ်နေခြင်းသည် လေထုအလွန်အမင်းအခြေမခိုင်ခြင်း (Extremely Unstable Atmosphere) အခြေအနေကို ဖော်ပြနေသကဲ့သို့ ဆောင်းတွင်းအခါ မြူထူများထူထပ်သိပ်သည်းစွာ ကျရောက်နေပါက လေထုအလွန်အမင်းအခြေခိုင် (Extremely stable Atmosphere) သည်ဟု သတ်မှတ်ပါသည်။ မြူထူဆိုင်းခြင်းသည် ဖြစ်ပေါ်သော ဒေသတည်နေရာ၊ ကုန်းမြေအနိမ့်၊ အမြင့်များပေါ်မူတည်၍ ကုန်းမြင့်၊ တောင်တန်းများတွင် ဖြစ်ပေါ်သောမြူထူ (Hill Fog)၊ နွေးသော ရေမျက်နှာပြင်သို့ အေးသောလေများ ဖြတ်သန်းတိုက်ခတ်ရာမှ ဖြစ်ပေါ်သော (Advection Fog)၊ ညအချိန် မြေပြင်မှ အပူဖြာထွက်ခြင်းနှင့် ငွေ့ရည်ဖွဲ့ရာမှ ဖြစ်ပေါ်သော (Radiation Fog) နှင့် သမပိုင်းဒေသများတွင် လေအေးနှင့် လေနွေးများတွေ့ဆုံရာဒေသများတွင် ဖြစ်ပေါ်တတ်သည့် (Frontal Fog) ဟူ၍ မြူထူဆိုင်းခြင်းအခြေအနေများစွာ ရှိပါသည်။ နေထွက်ပြီးနောက် တစ်နာရီမှ နှစ်နာရီအတွင်း မြေပြင်အပူချိန် မြင့်တက်လာကာ မြူထူဆိုင်းခြင်းသည် ရေငွေ့ပျံ၍သော်လည်းကောင်း၊ တိမ်နိမ့်များ အဖြစ်သို့လည်းကောင်း ပြောင်းလဲသွားပါသည်။ မြူထူများသည် တစ်နည်းအားဖြင့် မြေပြင်သို့ရောက်ရှိသော တိမ်များ ဖြစ်ပါသည်။ ထူထပ်သော မြူထူဆိုင်းချိန်တွင် မြေပြင်အဝေးမြင်တာ (Surface Visibility)၊ မြေပြင်မှ အထက်/အောက် အဝေးမြင်တာ (Vertical Visibility/Slant Visibility) များ မိုင်ဝက်အောက် လျော့နည်းပြီး ရေကြောင်း၊ လေကြောင်း၊ ယာဉ်၊ ရထားများ သွားလာရေးအတွက် အချိန်နှောင့်နှေးစေပါသည်။ အထူးသဖြင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ပြည်တွင်းလေကြောင်း ပျံသန်းရေး လေယာဉ်များအတွက် အချိန်မှန်ကန်မှု (Regularity)နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) တို့အတွက် ရေယာဉ်မှူး၊ လေယာဉ်မှူးကြီးများ ဂရုပြုရသည့် မိုးလေဝသဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။

လေပြင်းတိုက်ခတ်ခြင်း

ဆောင်းရာသီအားကောင်းသည့်ကာလများအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် မြေပြင်လေဖိအားကွာခြားမှုများပြီး အကျိုးဆက်အနေဖြင့် ကပ္ပလီပင်လယ်ပြင်တွင် အရှေ့လေပြင်းများ တိုက်ခတ်လေ့ရှိကာ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးတတ်ပါသည်။ ရေပြင်/မြေပြင်လေမှာ အရှေ့ဘက်မှ တစ်နာရီ မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်ပါသည်။ မိုး/ ဇလဌာနအနေဖြင့် အထက်ပါ လေဖိအားစနစ် အားကောင်းခြင်း ရှိ၊ မရှိကို အမိကစောင့်ကြည့်လျက် နေ့စဉ်မိုးလေဝသသတင်းနှင့် ပင်လယ်ပြင်ခရီး မိုးလေဝသခန့်မှန်းချက်များတွင် အရှေ့လေပြင်းတိုက်ခတ်မည့် သတိပေးချက်ကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ လေပြင်းတိုက်ခတ်သည့် အခြားမိုးလေဝသအခြေအနေမှာ မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြောက်ပိုင်းဒေသများ၏ အမြင့်ပေ ၁၈၀၀၀ နှင့် အထက်တွင် အနောက်မှ အရှေ့သို့လေပြင်းများ တစ်နာရီ မိုင် ၅၀ မှ ၇၀ နှုန်းဖြင့် နေ့/ည အချိန်မရွေး တိုက်ခတ်လျက်ရှိပါသည်။ တစ်ခါတစ်ရံ လေတိုက်နှုန်း ပိုမိုပြင်းထန်တတ်သဖြင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြောက်ပိုင်းဒေသများသို့ အမြင့်ပေ ၁၈၀၀၀ အနီး သို့မဟုတ် အထက်မှ ပျံသန်းမည့် လေယာဉ်များ ခရီးစဉ်များသည် အားအသင့်အတင့်မှ အားကောင်းသည့် လေဂယက်ထမှု (Moderate to Strong Turbulence) နှင့်အတူ တိုက်လေအလျင်နှင့် တိုက်လေလာရာအရပ် ပြောင်းလဲမှုများ (Wind Speed and/or Direction Shear) ကြုံတွေ့ရတတ်ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းမိုးလေဝသဌာနခွဲမှ ပြည်တွင်း ပြည်ပလေကြောင်း ခရီးစဉ်များအတွက် လေကြောင်း မိုးလေဝသခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ကြိုးစားထုတ်ပြန်ပေးလျက်ရှိ

တင်ပြခဲ့သော အကြောင်းအရာများတွင် ဆောင်းရာသီအတွင်း ဖြစ်ပေါ်တတ်သော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်သည့် အကြောင်းအရင်းနှင့် အကျိုးဆက်များကို ယေဘုယျတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ မိုးလေဝသအခြေအနေများသည် အချိန်၊ နာရီမလပ် ပြောင်းလဲရွေ့လျားတတ်သကဲ့သို့ ဒေသတွင်း ရာသီဥတုဖြစ်စဉ်များသည် တစ်ခါတစ်ရံ အစွန်းရောက်တတ်ကြောင်းကို ပစိဖိတ်သမုဒ္ဒရာတွင် လက်ရှိဖြစ်ပေါ်နေသော အားအသင့်အတင့်မှ အားကောင်းသည့် လာနီညာ၏ အကျိုးဆက်အဖြစ် အာရှတိုက်အချို့နိုင်ငံများတွင် ပုံမှန်ထက်အေးခဲသော ရာသီဥတုများဖြစ်ပေါ်နေခြင်းနှင့် အချို့ဒေသများတွင် ဆိုးရွားမှု အများဆုံးစံချိန်တင်ရသည့် မုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ မြစ်ရေကြီးမှု စသည့်အရေးပေါ်သဘာဝဘေးများ အစဉ်လိုက်ဖြစ်ပေါ်နေခြင်းများသည် အေး၍ စွတ်စိုသော အစွန်းရောက် ရာသီဥတုများ (Extreme Climate Events) မှ အဓိက ဖန်တီးနေကြောင်း သိသာထင်ရှားစေပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲနေသော မိုးလေဝသနှင့် ရာသီဥတု အခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိပါသည်။ ထူးခြားသည့် မိုးလေဝသအခြေအနေများ ဖြစ်ပေါ်နိုင်ပါက စိုက်ပျိုးရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး စသည့်လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများမှ လျော့ပါးသက်သာစေရန်အတွက် ထိရောက်မှုရှိသော၊ ရှင်းလင်းလွယ်ကူသော ခန့်မှန်းချက်၊ သတင်းနှင့် သတိပေးချက်များကို နိုင်ငံပိုင် ရုပ်/သံလွှင့်မီဒီယာ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်နေသော အသံလွှင့်မီဒီယာနှင့် ပုံနှိပ်မီဒီယာများမှတစ်ဆင့် ကြိုးစား ထုတ်ပြန်ပေးလျက်ရှိပါသည်။ နေ့စဉ်မိုးလေဝသခန့်မှန်းချက် သတင်းများကို ကြည့်ရှု၊ လေ့လာ၊ နားဆင်ခြင်းဖြင့် ဖြစ်ပေါ်ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေပြုမူ စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

ဇယား(၁) (၁၉၆၁) ခုနှစ်မှ (၂၀၀၀)ပြည့်နှစ်အတွင်း အနိမ့်ဆုံးကျဆင်းခဲ့သည့် ဇန်နဝါရီလ ညအပူချိန်များ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မြို့	အနိမ့်ဆုံးအပူချိန် (စင်တီဂရိတ်)	တိုင်းထွာရရှိခဲ့သည့် နေ့ရက်
၁။	ကချင်ပြည်နယ်	ပူတာအို	၁.၆	၁-၁-၁၉၇၉
၂။		မြစ်ကြီးနား	၅.၀	၂-၁-၁၉၆၃
၃။	ရှမ်းပြည်နယ်	ကျိုင်းတုံ	၃.၂	၁-၁-၁၉၇၆
၄။		တောင်ကြီး	၀.၃	၂၀-၁-၁၉၇၄
၅။		လားရှိုး	-၂.၂	၃၁-၁-၁၉၆၄
၆။		ပင်လောင်း	-၃.၆	၆-၁-၁၉၇၆
၇။	ချင်းပြည်နယ်	ဟားခါး	-၄.၅	၂-၁-၂၀၀၀
၈။	စစ်ကိုင်းတိုင်းဒေသကြီး	ဟုမ္မလင်း	၄.၀	၇-၁-၁၉၈၃
၉။	(အထက်ပိုင်း)	ကသာ	၂.၆	၁၉-၁-၁၉၈၉
၁၀။	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	မုံရွာ	၆.၈	၃၁-၁-၁၉၆၄
၁၁။	မန္တလေးတိုင်းဒေသကြီး	မန္တလေး	၇.၂	၃၁-၁-၁၉၆၄
၁၂။	နေပြည်တော်	ပျဉ်းမနား	၇.၈	၁၁-၁-၁၉၉၀
၁၃။	မကွေးတိုင်းဒေသကြီး	မကွေး	၅.၀	၁၇-၁-၁၉၈၉
၁၄။	ရခိုင်ပြည်နယ်	စစ်တွေ	၈.၇	၂၁-၁-၁၉၇၀
၁၅။		သံတွဲ	၅.၀	၁၄-၁-၁၉၈၉
၁၆။	ပဲခူးတိုင်းဒေသကြီး	ပဲခူး	၇.၆	၁၄-၁-၁၉၉၈
၁၇။		ပြည်	၁၁.၀	၁၄-၁-၁၉၇၈
၁၈။	ရန်ကုန်တိုင်းဒေသကြီး	ကမ္ဘာအေး	၁၀.၀	၂၆-၁-၁၉၉၃
၁၉။	ဧရာဝတီတိုင်းဒေသကြီး	ပုသိမ်	၁၂.၀	၁-၁-၁၉၇၄
၂၀။	ကယားပြည်နယ်	လွိုင်ကော်	၀.၆	၂၀-၁-၁၉၆၆
၂၁။	ကရင်ပြည်နယ်	ဘားအံ	၉.၄	၁-၁-၁၉၇၄
၂၂။	မွန်ပြည်နယ်	မော်လမြိုင်	၁၀.၈	၂-၁-၁၉၇၆
၂၃။	တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၁၀.၀	၁၈-၁-၁၉၆၃
၂၄။		ကော့သောင်း	၁၄.၅	၃-၁-၁၉၉၆

31-1 (06).pmd 1 1/31/2011, 2:19 AM

တက္ကသိုလ်ပညာသင်ဆု ငွေပဒေသာပင်စိုက်ထူပွဲ
ဒုတိယဝန်ကြီး ဦးကျော်မြင့် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပွဲ့တန်ဆာမြို့နယ်၌ ကျင်းပသော ပွဲ့တန်ဆာဒေသ၏ ပရဟိတလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် တက္ကသိုလ်ပညာသင်ဆု ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးဗွီလာအိမ်ရာနေ ဦးသူရစိုး-ဒေါ်ချိုချိုဝင်း မိသားစုက ရွှေဇာမြေ လူမှုကူညီရေးအသင်းအတွက် ပေးအပ်လှူဒါန်းသော အလှူငွေကျပ် ၁၆၂ သိန်းကို လက်ခံယူသည်။

ဆက်လက်၍ တက္ကသိုလ်ပညာသင်ဆု ထောက်ပံ့ရေးအတွက် ရန်ကုန်မြို့ ကမ္ဘာအေးဗွီလာအိမ်ရာနေ ဦးသူရစိုး-ဒေါ်ချိုချိုဝင်း မိသားစုက ငွေကျပ် သိန်း ၅၀ ၊ ရန်ကုန်မြို့ Magic Land Co., Ltd. မှ ဒေါက်တာကျော်ဝင်း ကိုယ်စား ဦးသူရစိုးက ငွေကျပ် သိန်း ၂၀နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တက္ကသိုလ်ပညာသင်ဆု ထောက်ပံ့ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းစိုးနှင့် ပွဲ့တန်ဆာအသင်း(ရန်ကုန်) နာယက ဦးတင်ဦးတို့က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

2011 Engineering Day ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

Myanmar Search International Education Consultancy (MSI) က ကြီးမှူးကျင်းပသော ပထမအကြိမ် 2011 Engineering Day အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် ညနေ ၃နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Myanmar Search International Education Consultancy (MSI)ဥက္ကဋ္ဌ ဦးတင်အောင်စိုးက ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ MSI သည် မလေးရှားနိုင်ငံ ထိပ်တန်းအဆင့်ရှိ "Tier-5 Excellence Award" ရရှိထားသော တက္ကသိုလ်ကျောင်းနှစ်ကျောင်းဖြစ်သည့် Kuala Lumpur မြို့တော်ရှိ Taylor's University၊ Sarawak ပြည်နယ်ရှိ Curtin University နှင့် စင်ကာပူသမ္မတနိုင်ငံရှိ "The Best Education Experience Award 2010" ချီးမြှင့်ခြင်းခံရသော PSB Academy ကျောင်းသုံးကျောင်း ပူးပေါင်း၍ MSI ပညာရေးဝန်ဆောင်မှုကုမ္ပဏီက ပထမဦးဆုံး ကျင်းပခြင်းဖြစ်သည်။

ပညာသင်ဆုအတွက် စာရွက်စာတမ်း အထောက်အထားများ ယူဆောင်ပြီး ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထား၍ MSI ရုံးခန်းသို့ စာရင်းပေးသွင်းလျှောက်ထားနိုင်သည်။ Taylor's University နှင့် Curtin University ကျောင်းများကလည်း ပညာသင်ဆုများ ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက Myanmar Search International Education Consultancy (MSI) ရုံးခန်း အမှတ် ၂၃၄ (ဒုတိယထပ်) ရွှေဘုံသာ (အလယ်လမ်း) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅၊ ၀၉-၅၁၀၃၉၁၅ နှင့် myanmarsearchinternational @ gmail.com သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင်ကာတိုလိပ်ကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ အပူဇော်ခံအငြိမ်းစားဆရာကြီး ဦးသိန်းအောင်နှင့် ဆရာဆရာမကြီးများက မြတ်ဆရာပူဇော်ပွဲ မုခ်ဦးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြစဉ်။ (ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၃၀

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ခေတ်အေးကျေးရွာ ရန်အောင်မြင်ဘုန်းတော်ကြီး ကျောင်းဝင်း၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝေ၊ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ထွန်းထွန်းနှင့်အဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မော်တော်ဆိုင်ကယ်စီးသူ ၉၅ ဦး၊ ယာဉ်မောင်း ၂၅ ဦး တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲတွင် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဗီဒီယိုကားချပ်များနှင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

အထက(၄) တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

အထက(၄) တာမွေ (မိန်းကလေး)ကျောင်း၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေလ ၁ ရက် (အလုပ်သမားနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကြက်၊ ငှက်တုပ်ကွေးရောဂါ သံတွဲ၌ ကြိုတင်ကာကွယ်

သံတွဲ ဇန်နဝါရီ ၃၀

သံတွဲမြို့တွင် ကြက်၊ ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က သံတွဲမြို့ ဒွါရာဝတီမြို့မဈေးအတွင်း ကြက်သားရောင်းချသည့် ဆိုင်ရှင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဦးကျော်လွင်တို့ ဦးဆောင်၍ ရောဂါကာကွယ်ရမည့် အခြေအနေနှင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ကွင်းဆင်းပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာသင်တန်း
ပုသိမ်မြို့နယ်၌ ဖွင့်လှစ်

ပုသိမ် ဇန်နဝါရီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနည်းပြများ သင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကျော် **(အောက်ဝဲပုံ)**နှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်တို့က အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး၊ တိုင်းဒေသကြီး ဒုတိယမြေစာရင်းဦးစီးဌာနမှူးနှင့် ခရိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၁၀၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝန်ဇင်းရာဇာစာကြည့်တိုက် လှည်းကူး၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၃၀

လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာ ဝန်ဇင်းရာဇာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားပြီးနောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား

၃၁-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅ ၈။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၈း၃၀ ၉။ အဆိုပြိုင်ပွဲ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၂၅ ၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၅)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၇။ **ကမ္ဘာကျော်သရုပ်ဆောင်များ** (အပိုင်း-၉)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၈)

ကွင်းဆင်းဆောင်ရွက်

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်တလုံး-လက်ပံဇင် လမ်းအူကြောင်း တိုင်းတာခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၅ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်းနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၃၀

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၃၁ ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင်အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

လှိုင်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ထူးချွန်ဆုရရှိသော ဆရာမဒေါ်သန်းသန်းရွှေနှင့် ဒေါ်ကြည်ကြည်မော်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

အိတ်အမျိုးမျိုး ဆိုင်သစ်ဖွင့် ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၃၀

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်၏ ၂၀၁၁ ခုနှစ် ခြေလှမ်းသစ်အဖြစ် လွှမ်းမိုးသူ Bag Collection ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ဆိုင်သစ်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း အထက (၁) ဒဂုံကျောင်းအနီး အမှတ် (၂၃) မြေညီထပ်၌ကျင်းပရာ ဆိုင်သစ်ကို လွှမ်းမိုးသူ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်နှင့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော မိုးအောင်ရင်၊ အကယ်ဒမီ ပန်းဖြူ၊ နန်းဆုရတီစိုးနှင့် ဂန္ဓဝင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရောင်းချပေး

လွှမ်းမိုးသူကုမ္ပဏီမှ Hong Kong Made Promise Brand ကို နောက်ဆုံးပေါ် ခေတ်မီ ဒီဇိုင်းသစ်များဖြင့် Luggage, Slim Bag, Shopping Bag, Back Pack, Side Bag, Office Bag များကို ထုတ်လုပ်လျက် အထူးဈေးနှုန်း ချိုသာစွာဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လွှမ်းမိုးသူကုမ္ပဏီမှတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Monsca, Yearcon, Yamannu နှင့် Handry Brand တို့ကို တင်သွင်းရောင်းချလျက်ရှိကာ Monsca Brand တံဆိပ်၌ Luggage, Back Pack, Side Bag, Office Bag များကို တင်သွင်း ရောင်းချပေးလျက်ရှိပြီး International Warranty တစ်နှစ် အာမခံရရှိနိုင်သည်။

လွှမ်းမိုးသူတွင် အခြားတံဆိပ်ပစ္စည်းများကိုလည်း ဝယ်ယူနိုင်သည်။ အလှူမင်္ဂလာပွဲ၊ ဂုဏ်ပြုပွဲ၊ နှစ်ပတ်လည်ပွဲ၊ စုံညီပွဲ၊ အစည်းအဝေးပွဲများ စသည်တို့အတွက် မှာယူသော ပစ္စည်းများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

ဆိုင်ခွဲများကို ရန်ကုန်မြို့ရှိ ကုန်တိုက်ကြီးများနှင့် မန္တလေးမြို့တွင် အခန်း(၃၁၆-အေ)တတိယထပ် 78 Shopping Centre, ၇၈လမ်းနှင့် ၃၈လမ်းထောင့် မဟာအောင်မြေမြို့နယ်တို့၌ ဖွင့်လှစ်ထားသည်။

ရုံးချုပ်မှာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စပယ်လမ်းနှင့် ဂန္ဓမာ(၆)လမ်းထောင့် အမှတ် (၁/၆)တွင် ဖွင့်လှစ်ထားပြီး ဖုန်း-၀၁-၂၀၃၁၉၄၊ ၂၀၅၀၅၉ နှင့် ၂၀၃၃၅၂၊ ဖက်စ် ၂၀၃၁၉၄တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

လွှမ်းမိုးသူ Bag Collection ဆိုင်သစ်ကို လွှမ်းမိုးသူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်နှင့် ရုပ်ရှင်သရုပ်ဆောင်များ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့်ဆီများ လျှော့စားပါ (တိရစ္ဆာန်နှင့် အသီးအနှံမှရသော ဆီများ အားလုံးအကျုံးဝင်သည်)။
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသောအသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့်စိမ်ထားသောအစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့်ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ- ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်း မှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများ ဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့်ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

Networking သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

NetInfo နည်းပညာသင်တန်းကျောင်းသည် ပြည်တွင်း၊ ပြည်ပတွင် Computer Networking နည်းပညာဖြင့် အလုပ်အကိုင်ရှာဖွေလိုသူများနှင့် ဆက်သွယ်ရေးနည်းပညာ ကုမ္ပဏီ၊ ဘဏ်များ၊ အင်တာနက်အခြေပြု စီးပွားရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်နေသော နည်းပညာဝန်ထမ်းများအတွက် နိုင်ငံတကာ အသိအမှတ်ပြု Cisco CCNA နှင့် Microsoft MCITP Networking သင်တန်းများကို တန်းခွဲသစ်နှစ်ခု ထပ်မံဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

လေ့လာသင်ယူ

Cisco CCNA သင်တန်းတွင် Enterprise နှင့် Cooperate Level ၌ အသုံးပြုကြသော အဆင့်မြင့် Cisco Router, Cisco Switch များ၏ Function များ၊ Configuration များအကြောင်း အခြေခံကျကျ သိရှိနားလည်စေမည်ဖြစ်ပြီး ၎င်း Device များကို လက်တွေ့ ကိုင်တွယ်သုံးစွဲ၍ လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ Microsoft MCITP သင်တန်းတွင် ကမ္ဘာအနှံ့ လူသုံးအများဆုံးဖြစ်သော Windows Server 2008 ကို အခြေခံမှစ၍ သင်ကြားပေးမည်ဖြစ်ပြီး NetInfo နည်းပညာသင်တန်းကျောင်း၌ ကိုယ်ပိုင်တည်ဆောက်ထားသော Windows Server များကို လက်တွေ့ လေ့လာသင်ယူရမည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ် ကျောင်းသားများ၊ IDCS, IAD ရရှိပြီးသူများ/ တက်ရောက်နေသူများ၊ ပြည်ပတွင် Computer Networking ပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ အထူးတက်ရောက်သင့်သည်။ အကယ်၍ လိုအပ်သော ကွန်ပျူတာ အခြေခံမရှိပါကလည်း Basic Networking သင်တန်းကို တက်ရောက်ပြီး အဆိုပါ သင်တန်းများကို ဆက်လက် တက်ရောက်နိုင်ရန် စီစဉ်ထားပေးသည်။ သင်တန်းများကို ဖေဖော်ဝါရီ ၆ ရက်တွင် စတင် ဖွင့်လှစ်မည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ်တက်ရောက်နိုင်သည်။

ပိုမိုရရှိ

သင်တန်းပြီးဆုံးပါက မိမိတို့၏ ကိုယ်ရေးမှတ်တမ်းများနှင့် Certificate များကို ပေးထားလျှင် ကုမ္ပဏီများသို့ ဆက်လက်ပေးပို့ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၂) အခန်း (၁) မြန်မာအင်ဖိုလ်တက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၉၁နှင့် ၆၅၂၂၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အမှတ် ၂၂ သုနန္ဒာလမ်း ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပ မြို့နယ်နေ ကွယ်လွန်သူ ဒေါ်တင်မိုးရည်အား ရည်စူး၍ ဖခင်ကြီး ဗိုလ်မှူးကြီး မြမောင် (ငြိမ်း)မိသားစုက အလှူငွေကျပ် တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂) ရှိ ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)ရုံးခန်း၌ ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက လက်ခံစဉ်။ (ရွှေမင်းသားဖောင်ဒေးရှင်း)

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ မင်္ဂလာဒုံတပ်နယ်မှူးက ခြောက်ဘာသာဂုဏ်ထူးရရှိသော မသီရိဝေဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံ အထက(၂) မိဘဆရာအသင်း ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း အောင်ဆန်းသူရိယလှသောင်းခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တတိယအဆင့်ရရှိ

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသည် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်း (၉၂ ဒသမ ၇၅) ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် တတိယအဆင့် ရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● *ရွှေဖုံးမှ*

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တင်းနစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament)ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

နှစ်ပွဲပြတ်နိုင်

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲတွင် ပထမပြိုင်ပွဲချန်ပီယံနီလာဝင်း(မြန်မာ)က Kavindiya DESILVA (သီရိလင်္ကာ)ကို နှစ်ပွဲပြတ်ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့တက်ကာ ဇန်နဝါရီ ၃၁ ရက် နံနက် ၉နာရီတွင် MOLLOGODA (သီရိလင်္ကာ)နှင့် ပထမအကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရက်ရွှေ့

ဒုတိယပြိုင်ပွဲ (2^{nd} Tournament)၏ ဒုတိယနေ့ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ၄၈ ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ရှစ်ပွဲအနက် ငါးပွဲကျင်းပပြီးစီးပြီး ကျန်ပြိုင်ပွဲများကျင်းပစဉ် မမျှော်လင့်ဘဲ မိုးရွာချလိုက်၍ ဇန်နဝါရီ ၃၁ ရက်သို့ ရွှေ့လိုက်ရသည်။

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2^{nd} Tournament) တတိယနေ့ပြိုင်ပွဲများကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပင်လောင်းမြို့ ချယ်ရီမြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုနိုင် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကိုတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝက်ရောဂါစူးစမ်းလေ့လာရေး သထုံ၌ ညှိနှိုင်းဆွေးနွေး

သထုံ ဇန်နဝါရီ ၃၀

ဝက်ရောဂါ စူးစမ်းလေ့လာရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက်က ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း အမှာစကား ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မွန်ပြည်နယ် သထုံခရိုင်ရှိ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များတွင် ဝက်ရောဂါ စူးစမ်းလေ့လာရေး ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ အဆိုပါရောဂါ စူးစမ်းလေ့လာရေးလုပ်ငန်းများကို ဇန်နဝါရီလမှ မတ်လအထိ သုံးလကြာ စောင့်ကြည့်လေ့လာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် စိတ္တသုခလမ်း အမှတ်(၁၈)နေ ဒေါ်ခင်နွဲ့မိသားစုက မိဘနှစ်ပါး၊ ညီအစ်ကို မောင်နှမများနှင့် မောင်ဖြစ်သူ ဦးတင်ဝင်းတို့အားရည်စူး၍ ကျောက်တန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံစဉ်။ (၁၁၅)

ဘုတ်ပြင်း-ကော့သောင်း လမ်းမကြီး ဝဲယာ သန့်ရှင်းရေးဆောင်ရွက်

ဘုတ်ပြင်း ဇန်နဝါရီ ၃၀

ဘုတ်ပြင်း - ကော့သောင်းကားလမ်းမကြီး ဝဲယာ ပေါင်းမြက်ဖြတ်ခြင်း၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ခြင်းတို့ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၃ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီရုပ်မြင်သံကြား

၃၁-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ စိုက်ပျိုးသုတ
- ၄:၂၀ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
- ၄:၄၀ ၉။ မြန်မာစာ မြန်မာစကား (အပိုင်း ၈)
- ၅:၁၀ ၁၀။ ကြိုတင်တားဆီး ရန်သူမီး
- ၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း ၁၁)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၆။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း -၅၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း ၅၁)
- ၂၆။ Miniseries
- ၂၇။ သင့်အတွက်မနက်ဖြန်

မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်း အပတ်စဉ်သစ်ကို ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

သင်တန်းကာလအတွင်း Sandwich/ Pizza/ Burger/ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish/ Puff/ Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette/ Onion Bread/ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake/ Chocolate Cake/ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies/ Doughnut/ Sweet Dough/ Eclair စသည့် မုန့်မျိုးစုံပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ Pre interview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်သစ်ကိုလည်း ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၂၃၆၂၃နှင့် ၅၂၃၂၀၀တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဆွမ်းတစ်နပ်ရဲ့ တန်ဖိုး** တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
- ၆:၄၀ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (ဇာတ်သိမ်းပိုင်း)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၇)
- ၈:၄၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show (Part-1)
- ၉:၁၅ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်လှုပ်ရှားမှုများ
- ၉:၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားရောဂါအကြောင်း သိကောင်းစရာ)
- ၁၀:၂၀ Activities in the City (အမက-၁ ဗဟန်း၏ စုံညီပွဲတော်)
- ၁၀:၃၀ ၁၉၆၇-၇၁ ပညာသင်နှစ် စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ အခမ်းအနား
- ၁၁:၀၀ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၃)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ Activities in the City (Silkpro Shampoo & Silkbail မိတ်ဆက်ပွဲ အခမ်းအနားနှင့် အထူးဈေးရောင်းပွဲတော်)
- ၁၂:၂၅ အနာဂတ်၏ ရတနာများ မွေးထုတ်ပေးမည့် ရွှေစစ်သည်ရှာမှ စာသင်ကျောင်း
- ၁၂:၃၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နပူးမော်ဒယ်(လ်)** ရုပ်ရှင်ဇာတ်ကား ပရိုမိုးရှင်းအခမ်းအနား
- ၁:၀၀ **ဆွမ်းတစ်နပ်ရဲ့ တန်ဖိုး** တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ချိုတဲ့ပြည်ပန်းညို** အကယ်ဒမီ ခင်စိုးပိုင်၊ နှင်းနန္ဒာအေး၊ မန်းဝင်း၊ စံလင်း၊ ဟေမာမန်းဝင်း၊ စိုးလင်းဦး၊ ချစ်ပြုံး [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
- ၂:၂၅ လင်းလက်မှုများနှင့်ရှင်သန်စေချင် ငွေကျားတိုက်၏ ဂုဏ်ပြုအစီအစဉ်
- ၃:၀၅ အထက(၁)ရန်ကင်း ကျောင်းသား၊ ကျောင်းသူများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (ဇာတ်သိမ်းပိုင်း)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၇)
- ၄:၅၀ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး
- ၅:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk [မာရဂျေ(အောင်နိုင်)၊ မျိုးမြတ်သူ]
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁)
- ၇:၂၅ လပြည့်ဝန်းသို့တမ်းချင်းည Live Show (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **ငွေနောက်လိုက်တာ ကောင်းတယ်၊ ငွေနောက်မလိုက်တာ ကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၈)
- ၁၀:၁၀ ဗီဒီယိုပြခန်း
- ၁၀:၂၅ အနုပညာမိုးကောင်းကင်
- ၁၀:၅၀ နှင်းပွင့်လေးတွေနှင့်တွဲဖက် ဆွယ်တာလေးတွေစွဲမက်
- ၁၁:၀၀ International Show Biz
- ၁၁:၂၀ နလုံးကျန်းမာသက်ရှည်ရန်သိဖွယ် နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
- ၁၁:၃၅ ဈေးဝယ်လမ်းညွှန် (ကေခိုင်ထွန်းပိုးထည်)
- ၁၂:၀၀ မြေကြီးကရွှေသီးဖို့ရေထိန်း သဘာဝဂျယ်ကိုသုံးကြစို့
- ၁၂:၁၀ **မျက်ရည်စက်များကင်းစေချင်** နေအောင်၊ ချိုပြုံး၊ မိုးအောင်ရင် ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ- တင်အောင်ရွှေ(သုတေသီ)]
- ၁၂:၄၅ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
- ၁:၂၀ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
- ၁:၃၅ နလုံးသားရဲ့ ခံစားမှုတိုင်းကို မှတ်တမ်းတင်စေမယ့် 7 Picture
- ၂:၀၀ RO ဆိုတဲ့ KTM
- ၂:၂၅ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၂:၅၀ မြိုင်ရာဇာတွတ်ပီနှင့် အနောဖလီး
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့် အားကစား)
- ၄:၂၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ...
- ၄:၃၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄:၅၀ ရတနာရွှေသိုက်
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၁၉ ရက် (တပေါင်းလပြည့်နေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(ပညာရေး)**

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

❖ *ကျောဖုံးမှ*

ပြည်တွင်းခရီးစဉ်များ စတင် ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။

စတင်ပျံသန်း

မြန်မာ့အလင်း သတင်းအဖွဲ့ လိုက်ပါမည့် ခရီးစဉ်မှာ ရန်ကုန် - ဟဲဟိုး-မန္တလေး-တာချီလိတ်ခရီးစဉ်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တာချီလိတ်သို့ လိုက်ပါမည်ဖြစ်သည်။ ယနေ့နံနက် အစောပိုင်းကလည်း ရန်ကုန်- ပုဂံ-ညောင်ဦး-မန္တလေး-ဟဲဟိုးခရီးစဉ်ကို စတင် ပျံသန်းလျက်ရှိကြောင်း သိရှိရသည်။

သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရဲရင့်ခြင်းတို့ကို ဖော်ညွှန်းထားသည့် အဖြူနှင့် အနီရောင်စပ်ကာ လှပစွာ ဒီဇိုင်းဖော်ထားသော အေတီအာ ၇၂-၅၀၀ လေယာဉ်ကြီးပေါ်သို့ နံနက် ၁၁ နာရီတွင် ခရီးသည်များ တက်ရောက် နေရာယူကြရာ လေယာဉ်မှူးကြီး ဦးခင်မောင်စန်းနှင့် အကြီးတန်း လေယာဉ်မယ် မသီတာမြင့်တို့ ဦးဆောင်သော လေယာဉ်အဖွဲ့သားများက ချိုသာသောအပြုံးဖြင့် ပန်းလေးများ ကမ်းကာ ခရီးကြိုဆိုနှုတ်ဆက်ကြသည်။ ခရီးသည်များ စိတ်ချမ်းမြေ့မှုရရှိစေသည့်ဝန်ဆောင်မှုပင်ဖြစ်သည်။

ရှင်းလင်းပြသ

မကြာပါ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေယာဉ် စတင်ထွက်ခွာပါသည်။ ရန်ကုန်မှ ဟဲဟိုးမြို့သို့ အမြင့်ပေ တစ်သောင်းနှစ်ထောင်မှ ပျံသန်းခဲ့ရာ ပျံသန်းချိန်မှာ ၁ နာရီနှင့် မိနစ် ၂၀ ခန့် ကြာမြင့်ပါသည်။ လေယာဉ်ခရီးစဉ်တစ်လျှောက် အကြီးတန်း လေယာဉ်မယ် မသီတာမြင့်နှင့် လေယာဉ်မယ်လေးများက ခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ စီးနင်းနိုင်ရေးအတွက် လိုက်နာသင့်သော အချက်များကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြသပေးကြသည်။ လေယာဉ်ပေါ်တွင် နာမကျန်းခရီးသည် တစ်ဦးလည်း ပါရှိလာရာ လေယာဉ် အမှုထမ်းများက လိုအပ်သည်များကို စေတနာပါပါဖြင့် ဆောင်ရွက် ပေးနေသည်ကိုလည်း ကြည်နူးအားရဖွယ် တွေ့မြင်ရပါသည်။

တာချီလိတ်လေဆိပ်အရောက် တိုင်းရင်းသူလေးများက ဧည့်သို့ ဝမ်းပန်းတသာကြိုဆို။

ဟဲဟိုးလေဆိပ်သို့ ဆိုက်ရောက်ပါပြီ။ ဟဲဟိုးလေဆိပ်တွင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက အေးရှားဝင်းစ်၏ခရီးသည်များကိုသောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ဟဲဟိုးလေဆိပ်တွင် ခရီးသည်များ တင်ဆောင်ပြီးနောက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ပျံသန်းခဲ့ရာ မိနစ်၃၀ခန့် အကြာတွင် ဆိုက်ရောက်ပါသည်။ လေယာဉ်မှူးကြီးနှင့် တကွ ခရီးသည်များအား မန္တလေးလေဆိပ်မှ လှပျိုဖြူလေးများက အမှတ်တရ ပန်းစည်းလက်ဆောင်များ ပေးအပ်ကြသည်။ အညာနေပူကို ဖြတ်သန်းတိုက်ခတ်လာသော လေပူနွေးနွေးတို့ကား စေတနာပန်းတို့ကြောင့် လန်းဆန်းအေးမြသွားခဲ့ရတော့သည်။

မန္တလေးလေဆိပ်မှ တက်ပြီး အမြင့်ပေ ၁၇၀၀၀ ကျော်မှနေ၍ မာန်ဟုန်ပြင်းပြင်းဖြင့် တိမ်လွှာကို ထိုးဖောက်ပျံသန်းကာ ရှမ်းရိုးမတောင်တန်းကြီးများနှင့် သာယာလှပသော ရှမ်းပြည်နယ်၏အလှများ၊ တသွင်သွင်စီးဆင်းနေသော မြစ်သံလွင်တို့အား ဖြတ်ကျော်လျက် ၁နာရီ ၁၀ မိနစ်ခန့် အကြာတွင် မြန်မာပြည်၏အရှေ့ဖျား ရွှေတြိဂံမြို့ တာချီလိတ် လေဆိပ်သို့ ဆင်းသက်ခဲ့ပါတော့သည်။

တာချီလိတ် လေဆိပ်တွင်ကား ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ရွှေအင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရှမ်းအိုးစည်သံက လေတွင်ပျံ့လွင့်လို့နေတော့သည်။ ရှမ်းပြည်နယ်၏ သင်္ကေတတစ်ခုအဖြစ် ကမ္ဘာကျော်အောင်ထင်ရှားလှသည့် ကိန္နရီ-ကိန္နရာအကနှင့် တိုးနရားအကများကလည်း သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကာ အလှချင်းဆိုင်လို့ အကချင်းပြိုင်နေကြပါသည်။

ကြိုဆို

လေယာဉ်ပေါ်မှ ဆင်းသက်လာကြသော လေယာဉ်မှူးကြီးနှင့်တကွ လေယာဉ်အမှုထမ်းများ၊ ခရီးသည်များအား တိုင်းရင်းသူလေးများက ဂုဏ်ပြုပန်းစည်းများ နှင်းအပ်ကာ ကြိုဆိုကြသည်။

လေယာဉ်မှူးကြီးကလည်း တာဝန်ရှိသူများအား လေယာဉ်ပေါ်သို့ ဖိတ်ခေါ်ကာ ခေတ်မီလေယာဉ်သစ်ကြီး၏ဖွဲ့စည်းပုံများ၊ စွမ်းဆောင်နိုင်မှုများကို အသေးစိတ် ရှင်းလင်းပြောပြကာ ဧည့်သည်တော်များကလည်း လေယာဉ်ကြီးပေါ် တက်ရောက်လေ့လာကြသည်။ ထို့နောက် ရန်ကုန်မြို့သို့လိုက်ပါမည့်ခရီးသည်များအား တင်ဆောင်ကာ ခေတ်မီ အေတီအာ ၇၂-၅၀၀ လေယာဉ်ကြီးသည် တာချီလိတ်မြို့ကို ဝဲပျံနှုတ်ဆက်ကာ ရန်ကုန်မြို့ဆီသို့ ထွက်ခွာပျံသန်းသွားပါတော့သည်။

ပြယုဂ်တစ်ခု

ယနေ့ ဖွင့်လှစ်လိုက်သော လေကြောင်းလိုင်းသစ်၏ အောင်ပွဲသည် အေးရှားဝင်းစ်လေကြောင်းလိုင်းတစ်ခုတည်း၏ အောင်ပွဲမဟုတ်ဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အောင်ပွဲဟုလည်း ဆိုနိုင်သည်။ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေးဆိုသော စီးပွားရေးဦးတည်ချက်ကို ဖော်ညွှန်းနေသည့် ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။

လေကြောင်း လိုင်းသစ်တစ်ခု တိုးမြှင့် ဖွင့်လှစ်လိုက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်လာကာ နယ်စပ်နေ တိုင်းရင်းသားပြည်သူများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်မှာ မုချဧကန်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခရီးသည်များ အန္တရာယ်ကင်းရေး လိုက်နာရန်အချက်များကို လေယာဉ်မယ် တစ်ဦးက သရုပ်ပြစဉ်။

မိုင်းဆတ် အမှတ်(၂)မူလွန်ကျောင်း ပညာရည်ချွန်ဆုပေး

မိုင်းဆတ် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အမှတ် (၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေး၊ မြို့နယ်ပညာရေးမှူး ဦးဘသစ်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးရီတို့က အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးရီက ပထမတန်းတွင် ပထမဆုရရှိသော မောင်ရဲနိုင်ဝင်းအား ဆုချီးမြှင့်ခဲ့ကြောင်းသိရှိရသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

အထက(၁)တာမွေ ပင်လုံခန်းမ၌ နှစ်စဉ်ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ၁၉၉၆ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၅)နှစ်ပြည့်ပြီး ဆရာ ဆရာမများအား ဖေဖော်ဝါရီ ၁၂ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာသန်းစိုး ဖုန်း-၀၉-၅၀၂၂၄၁၂၊ ဦးသက်နိုင် ဖုန်း-၀၉-၅၁၆၀၀၆၃၊ မနီနီလေးမြင့် ဖုန်း-၀၉-၅၁၆၀၀၁၆၊ မခင်သီတာလှိုင် ဖုန်း-၀၉-၉၈၂၅၉၆၅၊ မမီမီဝင်းထွန်း ဖုန်း-၀၁-၄၃၀၁၄၃၊မဥမ္မာသန်း ဖုန်း-၀၉-၅၀၂၆၆၆၅၊ ကိုကျော်စိုး ဖုန်း-တစ်ဆင့်-၀၁-၅၇၀၈၁၈၊ မမြတ်မြတ်ခိုင် ဖုန်း-၀၁-၅၄၀၃၄၂၊ ဦးအောင်ကြည် ဖုန်း-၀၉-၅၀၁၃၃၂၂နှင့် ဦးခင်မောင်သောင်း ဖုန်း-၇၃၀-၀၆၀၂၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (မြန်မာ့အလင်း)

ပုလဲလမ်းသစ်နှင့် သံကူကွန်ကရစ်တံတား ထန်းတပင်မြို့နယ်၌ ဖွင့်

ထန်းတပင် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့ အမှတ်(၂) ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုးမြေသားပုလဲလမ်းနှင့် သံကူကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက်က အဆိုပါ ပုလဲလမ်းထိပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုး၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် အလှူရှင် ဦးဆာမိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တည်ဆောက်ပြီးစီးပြီးဖြစ်သည့် လမ်း၊ တံတားနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို မြို့နယ်စည်ပင်အမှုဆောင် အရာရှိဦးဆန်းအောင်သို့ အလှူရှင်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (၁၈၃)

ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၅)တွင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေလာပြီ၊ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံသို့ ဗီဇာတစ်ခုတည်းဖြင့် သွားနိုင်တော့မည်၊ လာမည့်နွေ အပူကဲမည်၊ မြန်မာနိုင်ငံတွင် ပြည်ပဧည့်အဝင်များလာသဖြင့် လိုင်စင်သစ်လျှောက်သည့် ခရီးသွားကုမ္ပဏီ ၉၀အထိရှိလာ၊ မလေးတွင် အလုပ်ရမည်ဆိုတိုင်း မယုံလေနှင့်၊ ရန်ကုန်-ဂျကာတာ MAI ပျံသန်းမည်၊ ဗီယက်နမ်ကုန်ကြမ်း ဖြန့်ဖြူးရေးစင်တာကြီး ဆောက်လုပ်မည်၊ အီးယူ ၂၇ နိုင်ငံသို့ မြန်မာရေထွက်ပစ္စည်းများ ရောင်းနိုင်ပြီဖြစ်၍ ဈေးကောင်းရလာနိုင်၊ အွန်လိုင်းမှ ဖုန်းလျှောက်သူများ သုံးရက်အတွင်း ငွေသွင်းရမည်၊ မြန်မာကို ဆိုက်ရောက် ဗီဇာမပေးသော်လည်း ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းထိခိုက်မှုမရှိစေသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဟိုမှာလည်းကား ဒီမှာလည်းကား ကားဝယ်စီးကြမလား၊ သူတို့တွေက ငွေပဲအဓိကထားတာ ဆိုမာလီဓားပြတို့၏ ပြန်ပေးဆွဲခံရသော ဦးကျော်စိုးနှင့်တွေ့ဆုံခြင်း၊ တက္ကသိုလ်ဝင်တန်း ဖြေမည်ဆိုလျှင်၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ပါ၊ မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲဖို့ဆိုရင်၊ AFTA အခွန်ကင်းလွတ်ခွင့်စနစ်နှင့် မြန်မာနိုင်ငံ၊ အယ်ဒီတာ့ထံပေးစာ၊ ပြောင်းလဲခြင်းဟူသည် စသည့် ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဟီရိုရှီးမားနဲ့ နာဂါစကီးလိုမဖြစ်အောင် ကာကွယ်သွားမယ် IAEA အကြီးအကဲ ယူကီယာအမန်နိုနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ အမေရိကန်နှင့် တရုတ်တို့ လက်တွေ့ဆန်သော နှောင်ဖွဲ့မှုပြုရန် သဘောတူ၊ မော်စကိုလေဆိပ်၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရ၊ တရုတ်နှစ်သစ်ကူးပွဲတော် နှစ်စဉ် အိမ်အပြန်ခရီးစတင်၊ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်ကိုရောင်းစားတဲ့ အင်ဂျင်နီယာ ထောင်ဒဏ် ၃၂နှစ်ကျခံရ၊ ဗိုက်မှောက်အိပ်စေခြင်းက ကလေးငယ်များအား သေဆုံးစေနိုင်၊ အမေရိကန်နှင့် တရုတ်တို့၏အပြုသဘောဆောင်လာမည့် အနာဂတ်ဆက်ဆံရေး၊ ပထမဆုံး အသံအိုး အစားထိုးခွဲစိတ်မှုခံယူရသည့် အမျိုးသမီးကြီးအသံထွက်နိုင်ပြီ၊ နှလုံးဝေဒနာကို စောင့်ကြည့်စစ်ဆေးပေးမည့် ကိရိယာစင်ကာပူ မွမ်းမံဖန်တီး၊ အိုင်ယာလန်တွင် စီးပွားရေးအကျပ်အတည်းကြောင့် ဦးနှောက်ယိုစီးမှု ပေါ်ပေါက်စေခဲ့ စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ငယ် ဦးဆောင်မှုဖြင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲတို့ပူးပေါင်း၍ ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီက လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးကလေးများသင်တန်းကျောင်းမှ အမျိုးသမီးငယ် ၂၈၀၊ ဝန်ထမ်းများနှင့် ဧည့်သည်တော်များအား ထောပတ်ထမင်းဖြင့် တစ်နေ့တာ ကျွေးမွေးလှူဒါန်းကြပြီး ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒေါ်ဆုထက်လှိုင်(ခ) ရတနာဇော်မင်း (အုပ်ချုပ်မှုဒါရိုက်တာ Unique Asia Travel of Tour Co.,Ltd.)က Fax Phone တပ်ဆင်ရန်နှင့် အဝတ်အထည်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀ နှင့် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့အေး (မန္တလာမင်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိအဝတ်အထည်များကို ပေးအပ်လှူဒါန်းကြရာ(**အပေါ်ဝဲပုံ**)ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကာကွယ်ရေး ကျောက်တန်း၌ ကွင်းဆင်းစစ်ဆေး

ကျောက်တန်း ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့သည် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ မြို့မဈေး ဈေးမီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ မြို့ရေပေးရေးအတွက် ရေမီတာတပ်ဆင်အသုံးပြုမှုနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုကို ဇန်နဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့သည်။ **(ဝဲပုံ)**

ဆွေးနွေး

ထို့နောက် ညွှန်ကြားရေးမှူးသည် အမှုဆောင်အရာရှိအပါအဝင် ဝန်ထမ်းများအား တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သောက်ရေသန့်စက်ရုံ ကလော၌ဖွင့်

ကလော ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ် သောက်ရေသန့်စက်ရုံဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမမျိုးတို့က သောက်ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** နှစ်(၅၀)ပြည့် ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ် သောက်ရေသန့်စက်ရုံ မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၂၄)

ဇန်နဝါရီ ၂၈ ရက်က လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းစာကြည့်တိုက်အတွက် Sky Net တပ်ဆင်ခြင်းနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က Sky Net ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ် ၂၉-ဂျီနေ ဒေါက်တာသန်းထွဋ်အောင်-ဒေါ်ယဉ်ယဉ်မော်ဦး မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အာဟာရကျွေးမွေးရန် ငွေကျပ် ရှစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။

(၁၀၅)

စာတည်းထံပေးစာများ

ဆိုင်ကယ်ပြုပြင်သံကြောင့် ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်-

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက္ကနဲရပ်ကွက်ကိုတောင်ကြီးလမ်းရှိ အိမ်တစ်အိမ်တွင် ပိတ်ရက်မရှိ ဆိုင်ကယ်များပြုပြင်နေရာ ဆိုင်ကယ်စက်သံနှင့် ထုရိုက်သံတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါလုပ်ငန်းကို လူနေရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ကားပြင်အလုပ်ရုံ ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ပုညဝတ္တနလမ်းနှင့် အမှတ်(၈၀) မြန်မာ့ဂုဏ်ရောင်အနောက်လမ်းထောင့်ရှိ ကားပြုပြင်အလုပ်ရုံသည် အမိုးအကာကျူးကျော်ဆောက်လုပ်ပြီး ၎င်းအလုပ်ရုံမှ အင်ဂျင်စက်သံဆူညံခြင်း၊ ကားအင်ဂျင်များမှ ဒီဇယ်မီးခိုးများ နေ့စဉ်ရှူရှိုက်နေရခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဝက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီ ၉ လမ်း အထက်ခြမ်းရှိ လူနေအိမ်တန်း အိမ်နောက်ဖေးတွင် ဝက်များ စီးပွားဖြစ်မွေးမြူလျက်ရှိရာ ဝက်ခြံမှ အညစ်အကြေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

မီးစက်ဆူညံသံ နားမခံနိုင်

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် အလယ်ရှိ အိမ်တစ်အိမ်တွင် မီးစက်ကြီးကို နံနက် ၄ နာရီမှ နံနက် ၆ နာရီအထိ၊ ညနေ ၆ နာရီမှ ည ၁၀ နာရီကျော်အထိ မောင်းနှင်အသုံးပြုခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ မီးစက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အလှမွေးတိရစ္ဆာန်အရောင်းဆိုင်များ သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

လသာမြို့နယ် သံဈေးဘေး လမ်းမတော်လမ်းမကြီးပေါ်တွင် စီးပွားဖြစ် အလှမွေးငါး၊ ကြက်၊ ငှက်၊ ခွေး၊ ကြောင်၊ ယုန်များ ရောင်းချလျက်ရှိသော ဆိုင်များမှ အနံ့ဆိုးများသည် ပတ်ဝန်းကျင်နေပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါဆိုင်များ သန့်ရှင်းရေးအတွက် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းမပေါ် အမှတ်(၈)ရပ်ကွက် တိုက်အမှတ်(၃၄၀) မြေညီထပ်တွင် ဖွင့်လှစ်ထားသော ကြေးအိုးဆီချက်စားသောက်ဆိုင်တစ်ဆိုင်သည် နေ့ရောညပါ မီးသွေး မီးဖိုများ၊ ဂက်စ်မီးဖိုများဖြင့် ကြော်လှော်ချက်ပြုတ်ပြီး ညှော်နံ့များကို ဆက်တိုက်ပြုလုပ်နေသောကြောင့် ကျန်းမာရေးထိခိုက်သည့်အပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် လိုအပ် သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ ***ညှော်နံ့မခံနိုင်သူများ***

ရော်ဘာစိမ်းကျိုနံ့မခံနိုင်ပေးစာ ဆောင်ရွက်ပြီးစီး

၂၂-၁၁-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရော်ဘာစိမ်းကျိုနံ့ ပတ်ဝန်းကျင်မခံနိုင် ပေးစာနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပဲပင်ပေါက်လုပ်ငန်း ပိတ်သိမ်းပြီးဖြစ်

၂၉-၁၁-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် အဝေရာ(၁)လမ်းရှိ ပဲပင်ပေါက်လုပ်ငန်း ကြပ်မတ်ပေးစေလို ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

သစ်တောရေးရာ ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်)၏ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လေ့ကျင့်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီက အဆိုပါအလုပ်ရုံ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်းပဲခူးတိုင်းဒေသကြီး(အနောက်) ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးနှင့် အခြေစိုက်အလုပ်ရုံ(ပြည်) လက်ထောက် အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးနေဝင်းတို့က အမှာစကား ပြောကြားကြသည်။(**အပေါ်ပုံ**) ထို့နောက် ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရန်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတိယတပ်ကြပ်လူဇော်နှင့် ဝန်ထမ်းများပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း၊ မီးသတ်စက်၊ ယာဉ်များဖြင့် လည်းကောင်း မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရပ်စောက်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရပ်စောက် ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးချိုဝင်း၊ ရပ်စောက်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်လှလှနွယ်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများက ဒီဇင်ဘာ ၂၂ ရက် နံနက်က ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု တောင်သူ ဦးသိန်းဇော်၏ လယ်ငါးဧက၌ ရွှေရင်စပါးစံပြကွက် စိုက်ခင်းကို ရိတ်သိမ်းကြသည်။ **(အောက်ပုံ)**

ထွက်ရှိ

ထိုသို့ ရိတ်သိမ်းရာတွင် မိုးစပါး ရွှေရင်စပါးမျိုး စံကွက်မှ အထွက်နှုန်း အစို ၁၀၅ ဒသမ ၆၅ တင်း၊ အခြောက် ၉၇ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း သိရှိရသည်။

(၁၈၉)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် မန္တလေး၌ အလှူငွေ လှူဒါန်း

မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ် ၆၂လမ်း ၃၃×၃၄လမ်းကြားရှိ ဖြူဟွစိုရ် လူမှုကူညီရေးအသင်းသို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် အလှူငွေလှူဒါန်းပွဲကို အသင်းရုံးခန်း၌ ဇန်နဝါရီ ၁၉ ရက် ညနေ ၄နာရီက

ကျင်းပရာ အလှူရှင် မုံရွာမြို့ စာရေးတန်းလမ်း ဘုရားကြီးရပ်နေ ဦးစန်းယုအောင် -ဒေါ်အေးအေးကြွယ်၊ သား မောင်စွမ်းထက်နိုင် မိသားစုက စွမ်းထက်နိုင် ရွှေသန့်စင်လုပ်ငန်း (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးမြအောင်၊ ဒုတိယဥက္ကဋ္ဌ အငြိမ်းစားရုံပိုင်ချုပ်ကြီး ဦးဝင်းမြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ ဦးကိုကိုလေးတို့က လက်ခံယူသည်။

ထို့အပြင် ဇန်နဝါရီ၂၂ရက် နံနက် ပိုင်းကလည်း အသင်းသို့ ရတနာပုံ FC ဘောလုံးအသင်းခေါင်းဆောင် ဦးခင်မောင်ထွန်းက ဆေးခန်းအသစ်အတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရေသန့်စက် လေးလုံးနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မန္တလေးမြို့ ရန်မျိုးလုံရပ် ၃၂×၃၃လမ်းကြားနေ ဒေါ်မြိုင်နှင့် သားသမီးများ၊ စိန်ရတနာ မိသားစုက ကျန်းမာရေး ဆေးကုသမှုနှင့် ထောက်ပံ့မှုအတွက် အလှူငွေကျပ် သုံးသိန်းနှင့် ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ လူနာခုတင် တစ်လုံးကိုလည်းကောင်း၊ မန္တလေးမြို့ ရဲမွန်တောင်ရပ် ၅၃ လမ်းနှင့် ၃၅ လမ်းထောင့်နေ ဦးဇော်ဝင်း - ဒေါ်သန်းမြင့် (ရွှင်ရွှင် ရေဆေးဆီလိုက်) အလှူရှင်မိသားစုက ဆေးပေးခန်းအတွက် အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (**ဝဲပုံ**) **(၀၄၀)**

မိုးစပါး စံကွက်ရိတ်သိမ်း

ကာမိုင်း ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၆ရက်နံနက် ၉ နာရီက မအူပင်ကျေးရွာ ဆွတ်အောင်ရန် ကွင်းအမှတ်(၁၀) ဦးပိုင်အမှတ် (၁၂) တောင်သူဦးရဲအောင်၏ ဆင်းဧကရီ (၃) စိုက်ခင်း ၅ ဒသမ ၆၂ ဧက၌ ကျင်းပရာ ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသန်းစိန်၊ မြို့နယ် စိုက်ပျိုးရေးတာဝန်ခံ ဦးဇော်မင်းထွန်း၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မအူပင် ကျေးရွာအဖွဲ့ဝင် ဦးမြင့်စိုးနှင့် ကာမိုင်းမြို့နယ် မြေစာရင်း ဝန်ထမ်းများ တက်ရောက်ကြသည်။

စံကွက်ရိတ်

အဆိုပါ စံကွက်ရိတ်သိမ်းရာ၌ တစ်ဧကအခြောက် တင်း ၇၆ ဒသမ ၁၈ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေတလာ

သုတသစ္စာကျေးရွာစာကြည့်တိုက် သဲကုန်းမြို့နယ်၌ဖွင့်

သဲကုန်း ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့နယ် ကျူတောကျေးရွာ၌ သုတသစ္စာ စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် ကျူတောကျေးရွာရပ်မိရပ်ဖ ဦးအောင်မြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလွင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်က စာအုပ်မျိုးစုံ ၇၅၀၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က စာအုပ်မျိုးစုံ ၅၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလွင်က အလှူငွေကျပ် တစ်သောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းအောင်က ငွေကျပ်ငါးထောင်၊ မြို့နယ်အတွင်းရေးမှူး ဦးဇော်ဇော်ထွန်းက ရေဒီယိုတစ်လုံး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက အလှူငွေ ကျပ် ငါးထောင်နှင့် စာအုပ်မျိုးစုံ ၅၃ အုပ် လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်မှာ အလျား၂၄ပေ၊ အနံ ၁၅ပေ၊ အမြင့် ၁၂ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်အောင်မြို့ မြို့မနေခြည်ဈေးသန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၁၀ ရက်က ဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဈေးကော်မတီအဖွဲ့တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ် မူဆယ်၌ ဖွင့်ပွဲကျင်းပ

မူဆယ် ဇန်နဝါရီ ၂၉

မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ် နောင်မွန်းကျေးရွာတွင် ဟန်လှိုင်းပန် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်ကို မူဆယ်ခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဦး၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ မူဆယ်မြို့နယ် ဥက္ကဋ္ဌ ဦးမြဟန်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးရွက်ခမ်းပုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(အောက်ပုံ)

ပေးအပ်လှူဒါန်း

အဆိုပါ ဟန်လှိုင်းပန် စာကြည့်တိုက်သို့ မူဆယ်ခရိုင်ဥက္ကဋ္ဌ ဦးမိုးဟိန်း မိသားစုက ငွေကျပ် တစ်သိန်း နှစ်သောင်း တန်ဖိုးရှိ စာအုပ်မျိုးစုံ ၃၀၀၊ မူဆယ်မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန် မိသားစုက ငွေကျပ် တစ်သိန်းနှစ်သောင်း တန်ဖိုးရှိ စာအုပ်မျိုးစုံ ၃၀၀၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာအုပ်စာစောင် ၁၅၀၊ ခရိုင် စိုက်ပျိုးရေး မန်နေဂျာ ဦးသန်းငွေက ဂျာနယ်မျိုးစုံ အစောင် ၅၀နှင့် မန့်ဟီးရိုးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင် မိသားစုက ငွေကျပ်တစ်သိန်း တစ်သောင်း တန်ဖိုးရှိ စားပွဲနှစ်လုံး၊ ထိုင်ခုံ ငါးလုံးနှင့် မန့်ဟီးရိုး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးက ဂျာနယ်မျိုးစုံ အစောင် ၁၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မိသားစုက ချစ်ခင်အားကိုးရပြီး သိတတ်လိမ္မာသော ချစ်သမီးကြီး **မယမင်းကိုကို**၏ ၃၁-၁-၂၀၁၁ ရက်တွင် ကျရောက်သောမွေးနေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်ပွန်း၊ ချစ်မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြင့် ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါစေ။

ချစ်မေမေ-ဒေါ်နုနုသိန်း၊
ချစ်ခင်ပွန်း-ဦးသက်ဆွေ၊
ချစ်ညီမများ-မမိုမိုကို၊ မဖြူဖြူကို
T&Y Construction & Landscaping Co., Ltd.မှ ဝန်ထမ်းများ။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၅၃၄၊ မြေကွက်တည်နေရာအမှတ် ၅၃၄၊ ပြည်ထောင်စုလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးခွန်အိအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခွန်အိ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းအိ ၁၂/ကတတ(နိုင်)၀၁၇၈၇၄က ဖနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**



အဓိပ္ပာယ်တူစကားလုံးများနှင့် ဆန့်ကျင်ဘက်စကားလုံးများ အဘိဓာန်

အင်္ဂလိပ်-မြန်မာအဘိဓာန်၊ အင်္ဂလိပ်-အင်္ဂလိပ်အဘိဓာန်အဖြစ်လည်း အသုံးပြုနိုင်ပါသည်

စာမူခွင့်ပြုချက် - ၄၀၀၁၄၂၀၂၀၈ ဘာသာအကြိမ်

စကားလုံးတစ်လုံးချင်းစီအတွက် ⇄ အဓိပ္ပာယ်ဆင်တူသောစကားလုံးများ / ဆန့်ကျင်ဘက်အဓိပ္ပာယ်ရသောစကားလုံးများ

ဆရာဦးခင်မောင်သန်း(ရွှေဆောင်) ၊ ဖေရီ(ရွှေဆောင်)B.Sc(Credit),M.Sc(Q)

မျက်ပွင့်စာပေ အမှတ် - ၃၆၇၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့။ ☎ ၇၀၀၅၇၉၊ ၇၃၀၀၂၉၆၅

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၃၉၂၉၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၈/မကန(နိုင်)၀၁၈၅၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(တိုင်းဦးစီးမှူးရုံး)၊ မကွေး။

ဇာသပြင်မြေဖင်းရိပ်သာ ပထမအကြိမ် ရက်(၆၀)တရားစခန်းပွဲ ကျင်းပမည်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျိုက်ကေလာသကျေးရွာ ဇာသပြင်မြေဖင်းတောရရိပ်သာ၌ ကျေးဇူးတော်ရှင် မောင်းထောင်မြေဖင်းတောရဆရာတော်ကြီး ညွှန်ကြားပြသတော်မူသော (ကန္ဒီဥပနိသျှ) မြေဖင်းတောရ ရက်(၆၀)တရားစခန်းကို မောင်းထောင်မြေဖင်းတောရဆရာတော်ကြီး၏တပည့် ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်မဏ္ဍလမှ ၁၃၇၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်မှ ၁၃၇၃ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်အထိ (၂၂-၂-၂၀၁၁ ရက်မှ ၂၂-၄-၂၀၁၁ ရက်အထိ) ရက် ၆၀ တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် တရားစခန်းဝင်ယောဂီများ ၂၁-၂-၂၀၁၁ ရက် ညနေ ၅နာရီအရောက် ကြွရောက်ကြပါရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် - ဇာသပြင်မြေဖင်းတောရရိပ်သာ ဖုန်း-၀၉-၄၉၇၇၀၇၆၉၊ ဦးဖေသိန်း ဖုန်း-၀၉-၅၀၁၄၇၈၉၊ ဒေါ်ချိုချိုအောင် ဖုန်း-၀၉-၅၀၂၂၉၅၆၊ ၀၁-၇၃၀၅၈၂၄၇။

၂၈-၁-၂၀၁၁ရက်တွင် ထုတ်လွှင့်ပြသခဲ့သော ရသစုံလင်အင်တာနက်ဥယျာဉ် အပိုင်း(၅၅)ဉာဏ်စမ်းမေးခွန်း အဖြေမှန်မှာ 'လူပင်လယ်'ဖြစ်ပါသည်။

အဖြေမှန်သူများစာရင်း-(၁) ကျော်ဇော ၁၂/ကတတ(နိုင်)၀၂၇၉၄၄၉၊ (၂) ဟန်ကိုမျိုး ၁၂/သဃက(နိုင်)၁၄၇၃၉၃၊ (၃) ကျော်ကျော်စိုး (လျှောက်ထားဆဲ)၊ (၄) မကျော့ကျော့သွယ် ၁၂/စခန(နိုင်)၁၀၇၄၄၉၊ (၅) ဦးမျိုးဝင်း ၁၂/စခန(နိုင်) ၀၅၈၉၀၁။ အဖြေမှန်သူများကိုအားဆုငွေကိုခွဲဝေပေးမည်ဖြစ်သောကြောင့် ၃၁-၁-၂၀၁၁ရက်မှ ၇-၂-၂၀၁၁ရက်အတွင်းနောက်ဆုံးထားပြီး **အမှတ်၅၂၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**တွင် မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ၄င်းရက်ကျော်လွန်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ဒီ(၁၄၊၁၅၊၁၆)၊ မြေကွက်အမှတ်၅၅၊ မြေကွက်တည်နေရာ အမှတ် ၃၇၄၊ ၂လမ်း(မြောက်)၊ ကြို့ကုန်းအရှေ့ရပ်ကွက် ဒေါ်နှင်းကြိုင် အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်နှင်းကြိုင်နှင့်ခင်ပွန်း ဗိုလ်မှူးတန်ပိန်းကြူ(ငြိမ်း)တို့ ကွယ်လွန်သဖြင့် ဦးအေးနီ ၁၂/မရက(နိုင်)၀၀၇၈၂၁၊ ဒေါ်ခင်မာကြူ ၁၂/အစန(နိုင်)၁၀၅၃၇၁၊ ဒေါ်စုစုကြူ ၉/မမန(နိုင်)၀၄၀၁၀၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင် ဦးလှကြိုင်-ဒေါ်တင်မြင့် မအူပင်မြို့နယ်၊ မီးချောင်းရပ်ကျေးရွာနေသူတို့၏သားမောင်ထက်အောင် အသက် (၁၅)နှစ်ခန့်၊ အရပ်ရှည်၊ အသားဖြူ၊ လမ်းလျှောက်ခါးကိုင်းသူသည် ၅-၁-၂၀၁၁ ရက် နံနက် ၉ နာရီခန့်တွင် (ဦးဝိဖန်)-ဒေါ်စန်းမြင့် အမှတ် ၃၂၊ ဗိုလ်ချုပ်လမ်း၊ ဖျာပုံမြို့နေအိမ်မှ ထွက်ခွာသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

သား မောင်ထက်အောင် အပြစ်အားလုံး ခွင့်လွှတ်သည်၊ အမြန်ပြန်လာပါ။

ဆက်သွယ်ရန် ဖုန်း-၀၄၅-၄၀၃၈၆၊ ၀၉-၄၉၂၇၁၉၄၈။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၃၆၀ ၁/၂၊ မြေကွက်တည်နေရာအမှတ် ၃၆၀၊ သုဓမ္မာလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပ ဒေါ်စန်း AC-၀၁၆၀၇၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းနှင့်ခင်ပွန်းဦးဘဦးကွယ်လွန်သဖြင့် ဒေါ်ဌေးဌေးဦး ၁၂/ဥကမ(နိုင်)၁၂၄၃၃၄၊ ဦးဝင်းမြင့်ဦး ၁၂/ဥကမ(နိုင်)၁၁၀၀၃၅၊ ဦးမောင်မောင်ဦး ၁၂/ဥကမ(နိုင်) ၁၁၀၀၆၆၊ ဒေါ်တင်အေးခိုင် ၁၂/ဥကမ(နိုင်)၁၁၀၀၆၅၊ ဒေါ်သင်းသင်းဦး ၁၂/ဥကမ(နိုင်) ၁၉၁၃၀၂၊ ဒေါ်မမဦး ၁၂/ဥကမ(နိုင်)၁၅၄၁၄၉၊ ဦးမျိုးသိန်း ၁၂/ဥကမ(နိုင်)၁၉၁၂၉၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မန်းမြန်မာပလာဇာ

ပထမထပ်၊ ဖုန်းပါ၊ ဆွဲတံခါး၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး၊

ဖုန်း-၀၉-၄၉၃၂၈၁၉၄၊ ၀၉-၅၁၆၃၈၅၉၊ ၀၁-၇၂၄၈၂၉။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၃၃၄ SAP Yangon Jeep ယာဉ်လက်ဝယ်ရှိသူ ဦးလှသောင်းမြင့် ၁၃/တကန(နိုင်)၁၉၃၂၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(အရှေ့ပိုင်းခရိုင်ရုံး)၊ ရန်ကုန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် က/၇၊ မြေကွက်တည်နေရာအမှတ် ၇၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသိန်းမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ခင်ဝင်းမေတို့ ကွယ်လွန်သဖြင့် (၁)ဦးခင်မောင်ဦး ၁၂/ဒပန(နိုင်)၀၃၂၄၁၅၊ (၂)ဦးဇော်မင်း ၁၂/ဒပန(နိုင်)၀၀၀၄၃၄၊ (၃)ဦးထင်ကျော် ၁၂/ဒပန(နိုင်)၀၀၀၄၃၃၊ (၄)ဦးစန်းမောင် ၁၂/ဒပန(နိုင်)၀၃၉၅၇၀၊ (၅)ဒေါ်ဇင်ဝင်းမေ ၁၂/ဒပန(နိုင်)၀၄၆၇၉၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အမည်ပြောင်း

ဦးစည်သူအောင်၏သား အထက(၂)ကမာရွတ် Grade-(6) E မှ မောင်ပြည့်စုံအောင်အား ယနေ့မှစ၍ မောင်ဘုန်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းမြတ်ကျော်။**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယ ဉာဏရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^၁)၊ မြေကွက်အမှတ် (၁/၁၅၆/က)၊ ကာယ(၆)လမ်းရှိ တည်နေရာမြေကွက်ကို ငယ်စာရင်းအမည်ပေါက် ဦးဇော်လွင်ထံမှ ၁၅-၁၀-၂၀၁၀ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ဝါဝါ ၁၂/သဃက(နိုင်) ၁၁၅၉၀၇က ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အမြန်ရောင်းမည်

၃၂(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပေ(၄၀×၆၀)၊ ထောင့်ကွက်။

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းသင်တန်း မော်လမြိုင်၌ ဖွင့်လှစ်

မော်လမြိုင် ဇန်နဝါရီ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (မွန်ပြည်နယ်)၏ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက်၈နာရီခွဲက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး ဆက်လက်၍ ၂၀၁၀ခုနှစ် မွန်ပြည်နယ် လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းအစီအစဉ်များကို ဒုတိယပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးတင့်လွင်က ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသင်တန်းကို ရက်သတ္တပတ်ကြာ သင်တန်းသင်ကြားပို့ချခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ ခရိုင်/ မြို့နယ် မြေစာရင်းဦးစီးဌာနများမှ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ၊ ဒုတိယဦးစီးမှူးများနှင့် လက်ထောက်ဦးစီးမှူးများ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၁၄)**

ကျောက်ချောလမ်းခင်း

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လှိုင်လင်-လှိုင်မုံမိုင် ကျေးလက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ၁၅ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေထွေ

ရွှေတောင်မြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

ရွှေတောင် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များသို့ သတင်းစာ၊ ဂျာနယ်၊ စာစောင်မျိုးစုံလှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က စုစုပေါင်း ငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ သတင်းစာ၊ ဂျာနယ်၊ စာစောင်မျိုးစုံ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က လက်ခံယူပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ သတင်းစာ၊ ဂျာနယ်၊ စာစောင်မျိုးစုံတို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

အင်းစိန် တိရစ္ဆာန်ဆေးကုသိပ္ပံ မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၃၀

(၁၃၅) နှစ်မြောက် အထိမ်းအမှတ် တိရစ္ဆာန်ဆေးကုသိပ္ပံမဂ္ဂဇင်းကို သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ၁၈၇၆ခုနှစ်မှ ၁၉၄၂ခုနှစ်အထိ စစ်ကြိုခေတ် သင်တန်းဆင်းများ၊ စစ်ပြီးခေတ် ၁၉၄၇ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ သင်တန်းဆင်းများ၏ မှတ်တမ်းများ၊ သင်တန်းဆင်းဓာတ်ပုံများ၊ တစ်ဦးချင်းဓာတ်ပုံတို့ ပါဝင်၍ သုတရသနှစ်ဖြာ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းများဖြင့်ထုတ်ဝေလိုက်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

31-1 (16).pmd 1 1/31/2011, 2:19 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေး အေးရှားဝင်းစ်လေကြောင်းလိုင်းသစ် စတင်ပျံသန်းပြေးဆွဲ

သတင်းစရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း ➢ မောင်ယဉ်ကျေး (တာချီလိတ်)

ရန်ကုန် ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၂၇ ရက် (ကြာသပတေးနေ့)။

ယနေ့သည်ကား မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးအခန်းကဏ္ဍကို ထပ်ဆောင်းအားဖြည့်ပေးလိုက်သောနေ့ဟုဆိုလျှင် မှားအံ့မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ယနေ့တွင်နိုင်ငံသားပိုင် အေးရှားဝင်းစ်လေကြောင်းလိုင်းသစ်၏ ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲသောကြောင့် ဖြစ်သည်။ ပြောင်းလဲတိုးတက်လာသော နိုင်ငံတော်၏ ဖွံ့ဖြိုးမှုနှင့်အတူ လေကြောင်းဖြင့် ခရီးသွားလာသူများကလည်း တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်းလေကြောင်း ခရီးစဉ်များအား အကြားအလပ်မရှိ ပျံသန်းနိုင်ရေးအတွက် လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်သည့်အနေဖြင့် အေးရှားဝင်းစ်လေကြောင်းလိုင်းမှ အေတီအာ ၇၂-၅၀၀ လေယာဉ်နှစ်စင်းဖြင့် *စာမျက်နှာ ၁၀ ကော်လံ ၁* ❖

အေးရှားဝင်းစ်လေကြောင်းလိုင်းသစ်ကို တာချီလိတ်လေဆိပ်မှ ဒေသခံတိုင်းရင်းသားများ ဤသို့ ကြိုဆိုခဲ့ကြသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ

၃၀-၁-၂၀၁၁

ဟဲဟိုးမြို့	၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၃ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၃ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်

31-1 (20).pmd 1 1/31/2011, 2:19 AM